
# သာဓ

## ရေးနည်း ဝတ္ထုတိုများ



mgyoe.com

# သာဓုရေးနည်းဝတ္ထုတိုများ

mgyoe.com

ဝတ်လုံဖြစ်လိုက ဝတ်လုံစာမေးပွဲနှင့်ဆိုင်ရာ
သင်ခန်းစာ အသီးသီးကို ဖိဖိစီးစီး လေ့ကျက်ဖြေဆိုနိုင်လျှင် မဖြစ်နိုင်စရာမရှိ။
ဘီအေ – အမ်အေ စသော ဒီဂရီ ရရှိရေးအတွက်
သင်ခန်းစာသည်လည်းကောင်း၊
နိုင်ငံရေးလမ်းစဉ်ဟူသည်လည်းကောင်း
သင်ယူရ၏။ သင်ပေး၍လည်း ဖြစ်၏။
ပြောင်မြောက်သော စာရေးဆရာတစ်ယောက် ဖြစ်လာရန်မှာမူကား
သင်ယူ၍ မရ၊ သင်ကြားပြသပေး၍လည်း မဖြစ်၊
မိမိဘာသာ ကြိုးစားယူရသော လွယ်မယောင်နှင့် ခက်ခဲသည့်
ပညာရပ်တစ်မျိုး ဖြစ်၏။ ပင်ကိုဉာဏ် လို၏။
အတွေးအခေါ် ရင့်သန်ထက်မြက်မှုလည်း လို၏။
ထိုမည်သော ပင်ကိုဉာဏ်နှင့် အတွေးအခေါ်ဟူသည်ကို
အဘယ်လို စိတ်ကူး၍ အဘယ်ပုံတွေးဟု သင်ကြားပေး၍ ရစကောင်းသော
ပညာရပ်မျိုး မဟုတ်။
ထို့ကြောင့်ပင်
မက်ထရစ်ကအစ အမ်အေ၊ ဘီအယ်လ်ဘွဲ့ထူးအတွက်
စာမေးပွဲအောင်အောင်သင်နည်း၊ ဖြေနည်းကဲ့သို့
"စာရေးနည်း" (ဝါ) "ဝတ္ထုရေးနည်း" ဟူသည်မရှိ။
စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်ရေးအတွက်
အခြေခံသဘောတရားလောက်သာလျှင် ညွှန်ပြပေးနိုင်စရာရှိ၏။
ထို့ကြောင့် ဤစာအုပ်ပါ "နည်း" သည် "ဝတ္ထုရေးနည်း" မဟုတ်၊
စာရေးသူရေးသည့် "နည်း" (ဝါ) "သာဓုရေးနည်း" သာ ဖြစ်၏။
ဤနည်းမှာလည်း စင်စစ်အားဖြင့် ပုံသေကားကျ စွဲမှတ်ထားရမည့်
နည်းများမဟုတ်၊ အလွယ်ဆုံး၊ အရှင်းဆုံး နားလည်နိုင်စေရန်
ညွှန်ပြထားသော သဘောတရားမျှသာ ...

UTD0009
2,700.00KS

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သာခုရေးနည်း ဝတ္ထုတိုများ
## သာခု

စာတုစ္ဆအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

သာစုရေးနည်း ဝတ္ထုတိုများ။ သာစု
မျက်နှာဖုံးပန်းချီ - ကေစာချို
စာမျက်နှာ ၂၁၁ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇွန်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀
၂၀၀၀၊ ပတ္တမြားငွေမောက်စာပေ၏ တတိယအကြိမ်မူ

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏ ရှင်းလင်းချက် | က |
| ၁။ | ချစ်သော မေတ္တာ | ၁ |
| ၂။ | အပါတို့ မေ | ၄၉ |
| ၃။ | ရွှေမင်းသမီးလေး | ၈၉ |
| ၄။ | ရိုးသားမှု ရောင်းရန်ရှိသည် | ၁၄၉ |
| ၅။ | မောင် | ၁၉၇ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## တစ်နေ့နေ့တွင်

ဤစာအုပ်ကဲ့သို့သော (ဝါ) အလားတူ စာအုပ်မျိုးတစ်အုပ်ကို တစ်နေ့နေ့တွင် ရေးသားထုတ်ဝေမည်ဟူသော ရည်ရွယ်ချက်သည် စာရေးသူတွင် လုံးဝမရှိရုံသာမဟုတ် စိတ်မှုပင် မကူးမိခဲ့။

သို့သော် စာပေလောက၌ စာရေးသူ၏နာမည် မသိမသာ ထွက်လာသည်ဆိုလျှင်ပင် စာရေးသူ၏အရေးအသားဟန်ကို လည်းကောင်း၊ ဝတ္ထုဇာတ်လမ်းနှင့် အတွေးအခေါ်တို့ကိုလည်းကောင်း နှစ်သက်လာကြကုန်သော စာရှုပရိသတ်အနက်မှ အချို့သော စာရေးဝါသနာပါသူများသည် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ နီးစပ်သူများမှ တစ်ဆင့်သော်လည်းကောင်း ကမ်းလှမ်းမိတ်ဖွဲ့ကာ ဝတ္ထုရေးနည်းသင်ပေးပါမည့်အကြောင်း အသီးသီးတောင်းဆိုလာကြတော့၏။

အားကိုးသမှုဖြင့် ယခုကဲ့သို့ ဝတ္ထုရေးနည်း တောင်းဆိုလာကြသည်၌ စာရေးသူတွင် မငြင်းဆိုရက်၊ သွက်သွက်ကလေး သင်ပေးလိုက်ချင်၏။ သို့သော် မည်သို့ သင်ရလေမည်နည်း။ လမ်းစကိုရှာ၏။ စာရေးသူတွင် ချာချာသာလည်နေသည်။ အဘယ်အဖြေမျှ မတွေ့။ မည်သို့ စတင်သင်ကြားရမည်ပင် တွေးမရအောင် ဦးနှောက်ခြောက်ရင်း အချိန်ကုန်ခဲ့ရ၏။

mgyoe.com

mgyoe.com



သို့နှင့် စာရေးသူလည်း ဝတ္ထုရေးနည်း သင်ပေးရန် မစွမ်းဆောင်နိုင်ကြောင်း စာရေးသူကိုယ်တိုင်ပင် အဘယ်မျှ သော ဝတ္ထုရေးနည်းကိုမျှ မဖတ်ခဲ့ဖူးကြောင်း **"ဝတ္ထုရေးနည်း"** ဟူ၍လည်း **"ပုံသေမူ"** မရှိသင့်ကြောင်း အကိုးအကား စုံလင်စွာဖြင့် ဝတ္ထုရေးနည်း သင်ပေးရန်ကိစ္စမှာ စန္ဒရားအတီးသင်သကဲ့သို့ သင်၍ရစကောင်းသော ပညာရပ်မျိုးမဟုတ်ကြောင်း စာရေးပြန်ကြားသည်ကိုပင် **"သင်မပေးချင်၍ ဝိနည်းရှောင်ခြင်းလော..."** ဟူသည့် သံသယဖြင့် မာန်ကြ၊ ငေါ့ကြ၊ ကရုဏာဒေါတွေ ပွကြပြန်ချေသေး၏။

## မတတ်နိုင်ပြီ

မည်သို့ပင်ထင်ကြစေ၊ ဝတ္ထုရေးနည်း သင်မပေးတတ်သည်ကား အမှန်ဖြစ်၏။ ဥပမာ– စန္ဒရားအတီးပညာကို စာပေးစာယူဖြင့် သင်ရန် လွယ်၊ မလွယ် စာရှုသူတို့ တွေးချင့်ကြည့်ကရိပ်မိပေမည်ဖြစ်၏။ စန္ဒရားတီးပညာသည်ပင် ပါးစပ်ကလည်းပြော၊ ကိုယ်တိုင်လည်း တီးပြ၊ လက်အထား အသိုကအစ စနစ်တကျ သင်ပြပေးသည့်တိုင်အောင် မတောက်တခေါက်နှင့်သာ အချိန်ကုန်သွားရသည်။ မည်မည်ရရ ဘာမျှမတတ်သူတွေကို စာရေးသူ အတော်များများ တွေ့ဖူး၏။

စင်စစ်သော် စန္ဒရားတီးပညာသည် မတတ်မနေ ဖွဲ့ဖြင့် ဖိဖိစီးစီး ကြိုးစားမည်ဆိုက ပွဲတိုးနိုင်သည်အထိ ပြောင်မြောက်တတ်စွမ်းနိုင်မည် မှန်သော်လည်း လွယ်ကား မလွယ်ကူလှ။

သို့... သံနိမ့်၊ သံမြင့်၊ သံမှန်၊ သံကြောင် စသည်တို့ကို ကျက်မိနားလည်ပြီး လက်ချောင်းကလေးများဖြင့်သာ နှိပ်၍ တို့၍

mgyoe.com

mgyoe.com



တီးရသော စန္ဒရားပညာသည်ပင် လွယ်မယောင်နှင့် သိမ်မွေ့ခက်ခဲချေသော်၊ ပြောင်မြောက်သော စာရေးဆရာတစ်ယောက် ဖြစ်လာနိုင်ရန်ကား အဘယ်သို့ဟူ၍ စာအရေးအသား လေ့ကျင့်နေသူတိုင်း သိပြီးဖြစ်ပါလိမ့်မည်။

စာရေးဆရာတည်းဟူသော အတတ်ပညာကား မည်သည့်ပညာနှင့်မျှမတူ၊ မထောက်မညာ ဥပမာပေးရသော် ဘီအေ၊ အမ်အေစသော ဒီဂရီကို ယူလိုလျှင်လည်းကောင်း၊ ပီအိပ်(ချ်)ဒီဘွဲ့ကို ဆွတ်ခူးလိုသော်လည်းကောင်း သင်ခန်းစာ အသီးသီးကို ဖိဖိစီးစီး ကျက်မှတ်ကြိုးစားခြင်းအားဖြင့် အောင်မြင်မှုကို ရရှိနိုင်၏။ ရှေ့တစ်ဆင့်တက်၍ ဝန်ကြီးချုပ်ဖြစ်လိုသည့်တိုင်အောင် လမ်းစဉ်ရှိသလောက် အနစ်နာခံ၍ ကြိုးပမ်းလျှင် ဝန်ကြီးချုပ်ပင်မက သမ္မတလည်း ဖြစ်နိုင်၏။

ပြတ်ပြတ်သားသားဆိုရလျှင် ပြောင်မြောက်သော စာရေးဆရာဖြစ်လာရန် လုံးပန်းရသည့်အရေးကား ထိုထို ဘွဲ့ထူးဂုဏ်ဒြပ်နှင့် ရာထူးကြီးများရရှိမှုကို အားထုတ်ရသလောက် မလွယ်ကူ။ (ကြီးကျယ်လွန်းလှချေတကား) ဟု ခနဲ့လိုသော် ခနဲ့ကြစေ၊ စာရေးသူကမူ ဤအတိုင်းပင် ယူဆ၏။

ထပ်၍ရှင်းရသော် ဘီအေ–ဘီအယ်လ် အောင်ပြီးသူ ပုဂ္ဂိုလ် ၁၀ ဦးအား ကဗျာတစ်ပုဒ်စီ စပ်ပေးပါဟု တောင်းဆိုကြည့်လျှင်လည်းကောင်း၊ ဝတ္ထုတိုကလေးတစ်ပုဒ်စီသော်လည်းကောင်း ရေးခိုင်းကြည့်လျှင် ထို ၁၀ ဦးအနက် တစ်ယောက်သည်ပင် ရေးစပ်တတ်ကောင်းမှ ရေးစပ်တတ်ပေလိမ့်မည်။ ဝန်ကြီးများလည်း ထို့အတူပင်။

စာရေးသူသည် စာရေးဆရာများကို အမွှမ်းတင်နေသည်

mgyoe.com

mgyoe.com



မဟုတ်ရိုး အမှန်ပါပေ။ ဆိုလိုသည်ကား ကျောင်းသားကျောင်းသူများကို ဂဏန်းသင်္ချာ သင်ပေးရသည်ထက် စာစီစာကုံး သင်ပြရသည်က ခက်ခဲသည့်သဘောမျိုးပင် ဖြစ်၏။ ကျောင်းသူ၊ ကျောင်းသားများအဖို့လည်း ဂဏန်းသင်္ချာသည် တွက်ပုံတွက်နည်းသဘောကိုသိလျှင် အဖြေထွက်လာရန် ခဲယဉ်းသည်မဟုတ်၊ စာစီစာကုံးသည်ကားဆိုလျှင် ဂဏန်းသင်္ချာကဲ့သို့ အမြောက်အစား၊ အပေါင်းအနုတ် မည်သည်ကို လုပ်ရမည်ဟု စဉ်းစားရန် ကိန်းဂဏန်းပါမလာ။

**"သင်ရောက်ဖူးသော ဘုရားပွဲတော်တစ်ခုအကြောင်း စာစီစာကုံးရေးပါ"**

မေးခွန်းသည် ဤမျှသာ ဖြစ်၏။ ဂဏန်းသင်္ချာကဲ့သို့ ပုစ္ဆာမျိုး မဟုတ်၊ မိမိကိုယ်ပိုင်ဉာဏ်ကိုသုံး၍ မိမိမြင်တွေ့ခဲ့ရသည်တို့ကို ဖတ်ချင်စဖွယ် ရေးသားရမည်သာ ဖြစ်၏။

ယခု ဤစာဖတ်နေသူကိုယ်တိုင် ထိုမေးခွန်းကို ဖြေရမည်ကဲ့သို့ နှလုံးသွင်း၍ စိတ်ထဲမှ ရေးစမ်းကြည့်ပါ။ အဘယ်က စ၍ရေးပါမည်နည်း။

ဤမျှဖြင့် စာရေးသူ၏ဆိုလိုရင်း ရှင်းလောက်ပြီထင်၏။ ထို့ကြောင့်ပင် ဝတ်လုံဖြစ်လိုက ဝတ်လုံစာမေးပွဲနှင့်ဆိုင်ရာ သင်ခန်းစာ အသီးသီးကို ဖိဖိစီးစီး လေ့ကျက်ဖြေဆိုနိုင်လျှင်လည်း ကောင်း မဖြစ်နိုင်စရာမရှိဟု ဆိုခဲ့ခြင်းဖြစ်၏။

ဘီအေ–အမ်အေ စသော ဒီဂရီရရှိရေးအတွက် သင်ခန်းစာသည်လည်းကောင်း၊ နိုင်ငံရေးလမ်းစဉ်ဟူသည်လည်းကောင်း သင်ယူရ၏။ သင်ပေး၍လည်း ဖြစ်၏။

ပြောင်မြောက်သော စာရေးဆရာတစ်ယောက် ဖြစ်လာရန်

mgyoe.com

mgyoe.com



မှာမူကား သင်ယူ၍မရ၊ သင်ကြားပြသပေး၍လည်း မဖြစ်၊ မိမိဘာသာ ကြိုးစားယူရသော လွယ်မယောင်နှင့် ခက်ခဲသည့် ပညာရပ်တစ်မျိုးဖြစ်၏။ ပင်ကိုဉာဏ်လို၏။ အတွေးအခေါ် ရင့်သန်ထက်မြက်မှုလည်း လို၏။

ထိုမည်သော ပင်ကိုဉာဏ်နှင့် အတွေးအခေါ်ဟူသည်ကို အဘယ်လို စိတ်ကူး၍ အဘယ်ပုံတွေးဟု သင်ကြားပေး၍ ရစကောင်းသော ပညာရပ်မျိုး မဟုတ်သည်ကို စာရှုသူ သဘောပေါက်ပြီးဖြစ်လျှင် စာရေးသူ၏အယူအဆကို လက်ခံနိုင်ကောင်းစရာ ရှိသည်ထင်၏။

ထို့ကြောင့်ပင် မက်ထရစ်ကအစ အမ်အေ ဘီအယ်လ် ဘွဲ့ထူးအတွက် စာမေးပွဲအောင်အောင်သင်နည်း၊ ဖြေနည်းကဲ့သို့ **"စာရေးနည်း"** (ဝါ) **"ဝတ္ထုရေးနည်း"** ဟူသည်မရှိ။ စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်ရေးအတွက် အခြေခံသဘောတရားလောက်သာလျှင် ညွှန်ပြပေးနိုင်စရာရှိ၏။

စာရေးသူကိုယ်တိုင် အဘယ်မည်သော **"ဝတ္ထုရေးနည်း"** ကိုမျှ မဖတ်ဖူးခဲ့၊ အကြောင်းဆိုက်သဖြင့် စာရေးသူ **"ဝတ္ထုရေးဆရာ"** ဖြစ်လာရသည့် အကြောင်းရင်းကို ဖော်ပြလို၏။

သွေးသောက်ပြည့်စုံကို မူလက စာရေးဆရာပြည့်စုံ အနေဖြင့် မသိ၊ စာရေးသူ၏ ပုံနှိပ်တိုက်တွင် သွေးသောက်မဂ္ဂဇင်းအတွက် ရောင်စုံမျက်နှာဖုံးလာအပ်သော ကိုကျော်ရိုးအဖြစ်သာ သိ၏။ တစ်ခါသော် စာရေးသူ မကျေမနပ်နှင့် အားမလို အားမရဖြစ်နေသော ဘတ်စ်ကားလောက ပြုပြင်ရေး စာအုပ်တစ်အုပ်ကို ရေးထုတ်လိုက်၏။ လုံး၀ မစွံခဲ့ပေ။

လူချင်းလည်း ခင်မင်၊ စာပေကိုလည်း မြတ်နိုးသော

mgyoe.com

mgyoe.com



ကိုကျော်ရိုးကမူ ထိုမည်သော **"ဒါတွေပြင်"** စာအုပ်ကို ဖတ်ပြီး အတော်ကလေး သဘောကျနေရာမှ–

"ဗျို့... ကိုဖေသန်း၊ ခင်ဗျား စာရေးပုံ မဆိုးဘူးဗျ။ ပြီးတော့ ခင်ဗျားက စကားပြောလည်း ကောင်းတယ်ဆိုတော့ ဝတ္ထုရေးရင် ဖြစ်မှာပဲ၊ ရေးပါလားဗျ။ ကျွန်တော်တို့ သွေးသောက်မှာ ထည့်ပေးမယ်လေ" ဟု လိုလိုချင်ချင် ပြောလာ၏။

သို့သော် စာရေးသူက ဘာအဖြေမှ မပေးဘဲ ပြုံးရုံသာ ပြုံးပြလိုက်၏။ **"ဒါတွေပြင်"** ဟူသော စာအုပ်ကို ရေးခဲ့သည်မှာ ယခုထိ စည်းကမ်းမဲ့နေသေးသော ဘတ်စ်ကားလောကကို အမြင်မတော်၍ ပြုပြင်လိုစိတ်ဖြင့်သာ ရေးခဲ့ခြင်းဖြစ်၏။ စာရေးဆရာတစ်ယောက် ဖြစ်လာရန်ဟူသော ရည်ရွယ်ချက်သည် လုံးဝ မရှိခဲ့။ ထို့ကြောင့်လည်း ကိုကျော်ရိုးပြောစဉ်က အမှတ်မဲ့နေခဲ့ခြင်း ဖြစ်၏။

သွေးသောက် ကိုကျော်ရိုးကမူ ထိုတစ်ကြိမ်နှင့်မပြီး၊ အလုပ်လာအပ်တိုင်း ဝတ္ထုသာ တွင်တွင်ရေးခိုင်းနေ၏။ စာရေးသူကလည်း ဝတ္ထု စသည်တို့ကို ရေးလိုသူ မဟုတ် (ပြုပြင်ရေးကျမ်း) ကဲ့သို့သော စာမျိုးသာ ရေးချင်၏။

ထိုစဉ်က စာရေးသူသည် ဂျူဘလီဟောအနီးတွင် နေ၏။ ဗိုလ်ချုပ်တို့ကျဆုံးချိန်ဖြစ်လျက် ဂျူဘလီဟောသို့ ခေါင်းဆောင်ကြီးများကို အလေးပြုရန်လာကြသည်ဆိုသော နှုတ်ခမ်းနီ၊ ပါးနီ ဖက်ရှင်ဆင်တူဝတ် အမျိုးသမီးများကို မျက်စိနောက်နေချိန်လည်း ဖြစ်သောကြောင့် စိတ်ပေါက်ပေါက်ရှိလှ၍ **"ဝန်ကြီးတစ်မတ်"** ဟူသော ပြုပြင်ရေးဝတ္ထုကို ရေးပေးလိုက်ဖြစ်၏။

အမှန်ကိုဝန်ခံရလျှင် ရေးသာပေးလိုက်ရသည်။ အဆိုပါ

mgyoe.com

mgyoe.com



**(ဝန်ကြီးတစ်မတ်)** ကား ဝတ္ထုလော၊ ဆောင်းပါးလော၊ အဘယ်လော ဟူ၍ စာရေးသူမသိ၊ ကိုကျော်ရိုးကလည်း သူ့သွေးသောက်တွင် ကောက်ထည့်လိုက်၏။

"ရေးပါဦးဗျ နောက်တစ်ပုဒ်"

ကိုကျော်ရိုးသည် သို့လျှင် လစဉ်လတိုင်း တောင်းလာ၏။ ဤလိုနှင့်သာ စာရေးသူ စာရေးဆရာ ဖြစ်လာသည်။ "ဒါ ဒီလိုရေး၊ ဒီနေရာမှာ ဒီလိုတွေး" ဟု မည်သူကမျှ သင်ပေးခဲ့သည် မရှိ၊ မိမိရေးတတ်သလို ရေးရင်းနှင့်ပင် ဤအခြေသို့ ရောက်လာခဲ့ရခြင်း ဖြစ်၏။

သို့သော် **"သင်"** ဆရာပင် မရှိခဲ့စေကာမူ **"မြင်"** ဆရာကား ရှိခဲ့၏။ စာရေးသူထက် ဦးစွာ စာရေးနေကြကုန်သော စာရေးဆရာ ဟူသမျှတို့သည်ကား မြင်ဆရာများ ဖြစ်ကြကုန်၏။ ဝတ္ထုတစ်ပုဒ်မှနှစ်ပုဒ် ရေးမိသည်ဆိုလျှင်ပင် မည်သည့်စာရေးဆရာက မည်သို့ရေးသည်ကို လေ့လာကြည့်၏။ ၎င်းတို့ရေးသော ဝတ္ထုများကို ဖတ်၏။ စိတ်နှင့်မတွေ့လျှင် ပယ်လျက် နှစ်သက်သည်ကို လက်ခံကာ ကိုယ့်ရေးဟန်နှင့်ကိုယ် ရေးခဲ့၏။

ကိုယ့်ရေးဟန်နှင့် ကိုယ်... ဟု ဆိုရာ၌ သူတစ်ထူး ရေးနေသည့်ဟန်ကို ပုံကူး၍ တုပရေးသားခြင်းမှ ရှောင်ရှားခဲ့သည်ကို ဆိုလိုရင်းဖြစ်၏။ ယင်းသည် တုပမှု အကျိုးအပြစ်ကို ရှေ့ပိုင်း၌ အကျယ်ဖော်ပြမည် ဖြစ်၏။

အထက်၌ ဝတ္ထုရေးနည်းသည် မရှိဟု စာရေးသူ ဆိုခဲ့၏။ ဤသည်မှာလည်း မှားမှားမှန်မှန် စာရေးသူ တစ်ယောက်တည်းအနေဖြင့် ဆိုလိုက်ခြင်းဖြစ်၏။ စာပေဟူသည် ဝမ်းနုတ်ဆေး စပ်သကဲ့သို့ **"ဖော်နည်းကား"** တစ်မျိုးတည်းဖြင့် ပြုစု၍

mgyoe.com

mgyoe.com



မရ၊ အကြောင်းအရာဇာတ်လမ်း၊ ဇာတ်ကွက်ကိုလိုက်၍ စ,ပုံ၊ ဆုံးပုံနှင့် အလှည့်အပတ်၊ အဖြတ်အတောက်သည် ခြားနားလိမ့်မည်ဖြစ်၏။ တစ်ဖန် စာရေးဆရာငါးယောက်အား ဇာတ်လမ်းတစ်ခုပြောပြ၍ ဝတ္ထုရေးခိုင်းကြမည် ဆိုပါစို့၊ ဤတွင်လည်း တစ်ဦးနှင့်တစ်ဦး စပုံ၊ ဇာတ်သိမ်းပုံနှင့် အချိတ်အဆက် အကွက်ဆင်ပုံချင်း တစ်ယောက်နှင့်တစ်ယောက် တူကြမည် မဟုတ်၊ အသီးသီး ကိုယ်ကြိုက်သည့်နည်းဖြင့် ရေးသွားကြလိမ့်မည်သာဖြစ်၏။

ထို့ကြောင့် ဤစာအုပ်ပါ **"နည်း"**သည် **"ဝတ္ထုရေးနည်း"** မဟုတ်၊ စာရေးသူရေးသည့် **"နည်း" (ဝါ) "သာဓကရေးနည်း"** သာ ဖြစ်၏။ ဤနည်းမှာလည်း စင်စစ်အားဖြင့် ပုံသေကားကျစွဲမှတ်ထားရမည့်နည်းများမဟုတ်၊ အလွယ်ဆုံး၊ အရှင်းဆုံး နားလည်နိုင်စေရန် ညွှန်ပြထားသော သဘောတရားမျှသာ ဖြစ်၏။

ရှေ့စာမျက်နှာမှ စ၍ စာရေးသူသည် ဝတ္ထုတိုကလေးများဖြင့် တန်ဆာဆင်ကာ တစ်ပုဒ်ပြီးဆုံးသွားတိုင်း ကောက်နုတ်ချက် အနေဖြင့် စပုံ၊ ဆုံးပုံ၊ လှည့်ပတ်ဆွဲဆောင်ပုံ၊ ဇာတ်ကွက်ဆင်ပုံနှင့်တကွ စကားအသုံးအနှုန်းများပါမကျန် အသေးစိတ် ရှင်းပြသွားမည်ဖြစ်၏။

ဝတ္ထုတစ်ပုဒ်နှင့် တစ်ပုဒ်သည် အကွက်ဆင်ပုံချင်း၊ ဇာတ်လမ်းဇာတ်ကွက်ချင်း၊ စပုံ ဆုံးပုံချင်း၊ အချိတ်အဆက် လှည့်ပုံချင်း တစ်ခုနှင့်တစ်ခု တူလိမ့်မည်မဟုတ်သောကြောင့် ဝတ္ထုရေးဝါသနာပါသူတို့အဖို့ ဤစာအုပ်သည် အထိုက်အလျောက်သော အခြေခံအထောက်အပံ့ ဖြစ်လိမ့်မည်ဟု စာရေးသူ မျှော်လင့်၏။

mgyoe.com

mgyoe.com



နောက်တစ်ကြိမ် ထပ်မံ၍ သတိပေးလိုသေး၏။ ဤစာအုပ်သည် **"ဝတ္ထုရေးနည်း"** မဟုတ်ပါ။ လုံးဝမဟုတ်ပါ။ စာရေးဆရာတစ်ယောက် ဖြစ်သော **(သာဓု ရေးနည်း)** သာလျှင်ဖြစ်၏။

ဤ သာဓု၏ **"နည်း"** ကို လေ့လာအကဲခတ် ဖတ်ရှုပြီးသည့်နောက် အကယ်တိ စာရှုသူသည် စာရေးဝါသနာအလျောက် ဝတ္ထုရေးလိုငြားအံ့ စာရှုသူရေးလိုသောနည်းဖြင့် ရေးပါလေ၊ စပါလေ၊ အဆုံးသတ်ပါလေ။ အထူးသဖြင့် ဤ **"သာဓုရေးနည်း"** တစ်အုပ်တည်းကိုသာ ဖတ်ရှုလေ့လာခြင်းအားဖြင့် ပြည့်စုံလုံလောက်ပြီဟု မမှတ်ယူသင့်။

ဝတ္ထုရေးလိုသူသည် ဝတ္ထုကို များများဖတ်ရမည် ဖြစ်၏။ သို့ဖတ်ရာ၌လည်း စာဖတ်ဝါသနာပါသူကဲ့သို့ ဖတ်ရှုရန် မဟုတ်၊ ဇာတ်ကွက်ဆင်ပုံ၊ အချိတ်အဆက်လှည့်ပုံ၊ ဝတ္ထုစပုံ၊ အဆုံးသတ်ပုံ စသည်တို့ကို အကဲခတ်လေ့လာသည့်သဘောဖြင့် ဖတ်ရှုစေချင်၏။

နိဂုံးချုပ်အားဖြင့် ရေးလိုသည်မှာ **(တစ်နေ့နေ့တွင်)** ဤလို စာအုပ်မျိုး တစ်အုပ်ရေးဦးမည်ဟု ယောင်၍မျှပင် စိတ်မကူးခဲ့မိဖူးသော စာရေးသူမှာ ဤစာအုပ်မျိုးကိုပင် ယခု ရေးသားထုတ်ဝေ လိုက်ရချေပြီ။ အကြောင်းကားရှိ၏။ ထိုအကြောင်းသည် ဆိုခဲ့သည့်အတိုင်း **"ဝတ္ထုရေးနည်း သင်ပေးပါ"** ဟု တစာစာ နားပူလေ့ရှိကြသော၊ နားပူဆဲ နားပူလတ္တံ့သော စာရှုသူတို့ကြောင့်ပင် ရေးသားလိုက်ရခြင်းဖြစ်၏။

အမှန်ကို ဝန်ခံရသော် စာရေးသူထံသို့ ဝတ္ထုရေးနည်းသင်ပေးရန် တောင်းဆိုသော မည်သည့်စာရှုသူ တစ်ဦးတစ်

mgyoe.com

mgyoe.com



ယောက်ကိုဖြစ်စေ **(ဤစာအုပ်တစ်အုပ်စန့်)** များပြားစွာ ရေးသား၍ ဖြေရှင်းပြန်ကြားရန်မှာ စာရေးသူအဖို့မဖြစ်နိုင်၊ အချိန်လည်းမရ။ **"အချိန်ရ၍ ဖြစ်နိုင်သည့်တိုင်အောင်လည်း တစ်ဦးတစ်ယောက်တည်းသို့... ရေးသား ပြန်ကြားလျှင် တရားရာကျမည်မဟုတ်..."** ဝတ္ထုရေးနည်း တောင်းဆိုဖူးကြသူ ဦးရေမှာ ယနေ့ထိ ၃၀၀ ကျော် ၄၀၀ နီးပါးခန့် ရှိသည်ဖြစ်၍ တစ်ဦးစီ၊ တစ်ယောက်စီကို ပြန်ကြားပေးပို့ရမည့်ကိစ္စ လွယ်၊ မလွယ်မှာ ရှင်းနေပြီ ဖြစ်၏။

သို့ကြောင့်ပင် စာရေးသူသည် အလွယ်ဆုံးနည်းလမ်းကို ရှာ၏။ ကလောင်ဝါသနာအိုးတို့၏ ဆန္ဒကို ဖြည့်စွမ်းရန် အကြံထုတ်ခဲ့ရာမှ ဤစာအုပ်ကိုရေးသားရန် အကြောင်းသည် ပေါ်ပေါက်လာရတော့၏။ စာရေးသူ၏ ရှင်းလင်းချက်ကား ဤတွင်ပြီးဆုံးပြီဖြစ်၍ ဝတ္ထုတိုကလေးတစ်ပုဒ်ကို စပေတော့အံ့။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ချစ်သော မေတ္တာ

မောင်...

တင့်ကို ဒီနေ့ည ၁၀ နာရီလောက် လာခေါ်ပါနော်။ ခေါ်ဖြစ်အောင် လာခေါ်ပါ။ နို့မို့ မောင်နဲ့ တင့်တို့ ဝေးကြလိမ့်မယ်။

တင့်နဲ့ မောင်တို့အကြောင်းကို အိမ်က ရိပ်မိသွားပြီ။ ဒါကြောင့် မနက်ဖြန်ခါ မနက် ၆ နာရီ ရထားနဲ့ တင့်တို့အဒေါ်ဆီကို ပို့ကြလိမ့်မယ်။ တင့်ကို ဆက်ဆက်လာခေါ်လှည့်ပါနော်၊ တင့် မျှော်နေမယ်။

ည ၁၀ နာရီမှာ အိမ်သာနားက ခြံပေါက်ကို လာခဲ့ပါ မောင်။

တင့်...

ထိုစာကို ဈေးကူလီ တစ်ယောက်မှတစ်ဆင့် မောင်သည် အချိန်မီပင် ရရှိခဲ့၏။ စာရသောအချိန်မှာ နေ့ တစ်ချက်တီးခန့် ဖြစ်သောကြောင့် သွေးအေးအေးနှင့် စဉ်းစားလျှင် ထိုစာပါကိစ္စအတွက် ကြံရန်ဖန်ရန် ၉ နာရီလုံးလုံး အချိန်ရနေသေး၏။

mgyoe.com

mgyoe.com


သို့သော် မောင့်အဖို့၌ သွေးအေးအေးဖြင့် မစဉ်းစားနိုင်၊ တစ်ခါမျှ မထားဖူးသော ရည်းစားဦးလည်းဖြစ်၊ တစ်ယောက်နှင့်တစ်ဦး ချစ်ကြိုက်ခဲ့သည်မှာလည်း ငါးလမျှသာ ရှိသေးသည့်တွင် ရုတ်တရက် ဆိုသလို မမျှော်လင့်ပါဘဲလျက် ဤလို **"ခိုးပါတော့"** ဟူသည့် စာမျိုးဖတ်လိုက်ရသည်၌ အသက် ၂၀ မျှသာ ရှိသေးသော လူပျိုရိုင်း လူပျိုရိုးကလေး မောင်သည် အဘယ်မှာလျှင် မတုန်လှုပ်ဘဲ ခံနိုင်ပါတော့မည်နည်း။

နေ့ တစ်ချက်တီးတွင်ရသော စာ၌ ည ၁၀ နာရီတွင် လာခေါ်လှည့်ပါဟူသောအချိန်သည် မောင့်အဖို့ အလွန်တိုတောင်းလှတော့၏။ စာဖတ်၍ဆုံးသည်နှင့် လူတစ်ကိုယ်လုံး တုန်ခါနေ၏။ ဘာ ဘယ်လို လုပ်ရမည်ကိုပင် မောင်သည် အစရှာမတွေ့၊ အဘယ်ပြဿနာကို ပထမထား၍ စဉ်းစားရမည်ကိုလည်း သူ တွေးမရ။ တုန်လှုပ်ခြင်း၊ ချောက်ချားခြင်းဖြင့်သာ တစ်နာရီမျှသော အချိန်သည် ကုန်မှန်းမသိ ကုန်သွားတော့၏။

နှစ်ချက်နှင့် ၁၅ မိနစ်လောက်တွင်မှာ မောင့်လှုပ်ရှားမှု၊ ချောက်ချားမှုများ မသိမသာ တည်ငြိမ်လာတော့၏။ သို့ တည်ငြိမ်လာသည်နှင့်အမျှ ဦးခေါင်းအေးအေးထား၍ စဉ်းစားစပြုလာ၏။

"ည ၁၀ နာရီ လာခေါ်ပါတဲ့။ ငါ သူ့ကို ဘယ်ခေါ်သွားရမလဲ၊ ဘယ်မှာထားရမလဲ"

မောင်သည် ဤသည်ကို ဦးစားပေးကာ လေးလေးနက်နက် တွေးလိုက်၏။ အမြော်အမြင်ရှိသော လူငယ်တစ်ယောက်အနေဖြင့် မောင်သည် ဤအတိုင်းပင် တွေးရပေမည်။

သူသည် မက်ထရစ်စာမေးပွဲကို သုံးနှစ်သုံးကြိမ် ဆက်၍ကျခဲ့သောကြောင့် စိတ်ပျက်လက်ပျက် ကျောင်းထွက်ကာ လျှံဝါရုပ်ဆိုင်တွင် စာပေးစာယူနှင့် အရောင်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ထိုလျှံ

mgyoe.com

mgyoe.com


ဝါရှပ်ဆိုင်ပိုင်ရှင်သည် တရုတ်လူမျိုးပင် ဖြစ်လင့်ကစား မြန်မာပြည်ကို မြတ်နိုး၍ မြန်မာလူမျိုးကိုချစ်သော တာဝန်သိသည့် တရုတ်ဖြစ်၏။

"ကျုပ် ပြည်ကြီးသားအစစ်ပါပဲ။ ဒါပေမဲ့ ကျုပ် မြန်မာပြည်မှာ နေတယ်။ မြန်မာတွေနဲ့ အရောင်းအဝယ်လုပ်တယ်။ မြန်မာဆန်ကို စားတယ်။ ဒီလိုနေပြီး မြန်မာလူမျိုးအပေါ်မှာ စိတ်ကောင်းမထားရင် ကျုပ် လူမဟုတ်တော့ဘူး။ ခွေးပဲ... ခွေး... ခွေး"

လျှံဝါရှပ်ဆိုင် ပိုင်ရှင်သည် စကားစပ်မိတိုင်း (ဝါ) အကြောင်း ဆိုက်လာတိုင်း ဤသို့လျှင် လေးလေးပင်ပင်နှင့် အဓိပ္ပာယ် အဆီအသား ပါပါ ပြောတတ်၏။ ပြောသကဲ့သို့လည်း လက်တွေ့ကျင့်သူ ဖြစ်၏။ သူသည် ရိုးသားသူကို အထူးအရေးပေး၏။ ချစ်တတ် ခင်တတ်၏။

"ဟော့... မောင်ညွန့်မောင်၊ ဘာလဲကွ။ မင်း စာမေးပွဲကျပြန်ပြီလား၊ စိတ်မညစ်ပါနဲ့ကွာ။ ငါ့ဆီမှာ အလုပ်လုပ်လေ။ ထမင်းကျွေးမယ်၊ လက်ဖက်ရည်ဖိုးပေးမယ်၊ လခ တစ်လ တစ်ရာယူပေါ့ကွာ။ မင်း စာမေးပွဲ အောင်ရင်လည်း ရုံးမှာ အလုပ်လုပ်မယ် ဟုတ်လား၊ ဒီလောက်ပဲ ရမှာပဲ"

နောက်ဆုံးအကြိမ် မောင်ညွန့်မောင် စာမေးပွဲကျ၍ စိတ်အပျက် ကြီး ပျက်နေစဉ် လျှံဝါဆိုင်ရှင်က သို့လျှင် အားပေးစကား ပြောလိုက် သောကြောင့် ချက်ချင်းဆိုသလို ကျောင်းထွက်၍ အလုပ်ကို လက်ခံ လိုက်တော့၏။

အကယ်တိ မောင်ညွန့်မောင် ကျောင်းဆက်နေမည်ဆိုကလည်း စာမေးပွဲ တဖုတ်ဖုတ်သာ ကျနေဦးမည်သာဖြစ်၏။ ပညာသင်နေဆဲ တွင် လက်တည့်စမ်းကာ ချစ်ရေးငင်ခဲ့သောကြောင့် ဘီအိုစီကိုယ်စား လှယ်၏ တစ်ဦးတည်းသော သမီးကလေး "တင့်" နှင့် ချစ်ကြိုးသွယ် မိခဲ့ကြ၏။ အဘယ်မှာလျှင် ဟုတ်တိပတ်တိ ကျောင်းစာကို ကြိုးစား နိုင်ပါတော့မည်နည်း။

mgyoe.com

mgyoe.com


ဤသည်ကတစ်ကြောင်း၊ အခြားအကြောင်းတစ်ခုမှာမူ သူ စာမေးပွဲအောင်က ဝင်ရောက်လုပ်ကိုင်မည်ဟု ရည်မှန်းထားသော အစိုးရရုံးအလုပ်သည် ယခုခေတ်၌ မလွယ်သည်ကို တွေးမိပြီး သေချာသည့်အလုပ်ကို လက်ခံလိုက်ခြင်းအားဖြင့် သူ့အဖို့၌ (အလုပ်နှင့်အကိုင်နှင့်) ဟူသော ဂုဏ်ပုဒ်ကလေးရှိလာမည် တစ်ကြောင်းတို့ကြောင့် မောင်ညွန့်မောင် အလုပ်လက်ခံလိုက်ခြင်းဖြစ်၏။

လူပျို လူရွယ် လူငယ်တို့သဘာဝ သူ၏ တစ်ခုတည်းသော မျှော်မှန်းချက်မှာ သူ၏ချစ်သူကလေး "တင့်" နှင့် ဖူးစာဖက်ရမည့်အရေးသာလျှင် ဖြစ်သည့်အတိုင်း သူရရှိသော လစာငွေ ၁၀၀ အနက် ထက်ဝက်ကို သူ့မိဘအားပေးလျက် ၂၀ မျှ သူသုံးပြီး ပိုငွေကိုမူ မှန်မှန် ကြီးစုခဲ့၏။

သို့နှင့် ငွေပေါင်း ၉၀ မျှသာ စုမိသေးသောအချိန်၌ **"ခိုးပါတော့"** ဟူသည့် ဧရာမအချစ်ပြဿနာကြီး ပေါ်လာသောကြောင့် မောင်ညွန့်မောင်တွင် အထက်ပါအတိုင်း ခေါင်းနားပန်းကြီးသွားခြင်း ဖြစ်ဟန်တူ၏။ အကယ်တိ တင့်ကလေးမှာသည့်အတိုင်း ခိုးယူတော့မည်ဆိုစို့၊ မောင်ညွန့်မောင်သည် တင့်အား မည်သည့်အရပ်၊ မည်သည့်အိမ်သို့ ခိုးသွား ခေါ်သွားရပါမည်နည်း။ ဤသည်မှာ သူ့အဖို့ ပြဿနာအမှတ် (၁) ဖြစ်နေ၏။

ထိုအမှတ် (၁) ဖြစ်သော နေရာထိုင်ခင်းကိစ္စကိုသော်မှ အတည်တကျ တွေးမရသေးမီ စားရေးသောက်ရေး၊ ဝတ်ရေးဆင်ရေးအထိ အကျော်တလွှား တွေးနေမိပြန်၏။ သို့နှင့်ပင် နောက်ထပ် တစ်နာရီသော အချိန်သည် သူ့အဖို့၌ အရှိန်မြန်စွာဖြင့် ကုန်သွားပြန်ပြီ ဖြစ်၏။

ယင်းသို့လျှင် သူတွေ့ရမည့်အခက်အခဲ ပြဿနာများကို တသီတတန်းတွေးရင်း ငေးရင်းဖြင့် ညနေ ၆ နာရီအချိန်သို့ ရောက်လာခဲ့

mgyoe.com

mgyoe.com



သည်တွင် မောင်ညွန့်မောင် ပို၍လှုပ်ရှားလာ၏။ သူ့အတွေးသည်လည်း ပျာပျာသလဲ ဖြစ်လာ၏။ ည ၁၀ နာရီဘက်သို့ နီးလာလေ သူ့တွင်ပို၍ ရင်ခုန်လာလေ ရှိနေခဲ့ရာမှ ၈ နာရီထိုးလုနီးနေသည်အထိ ဘာတစ်ခုမျှ အတိအကျ မဆုံးဖြတ်ရသေး။

တွေးမရတော့သည့်အဆုံး၌ မတတ်သာတော့ပြီ ဖြစ်သည့်အတိုင်း သူ၏ အားထားရာဖြစ်သော လျှံဝါရှပ်ဆိုင်ပိုင်ရှင်အား အလုံးစုံဖွင့်ဟ ပြောဆိုရင်း အကြံဉာဏ် တောင်းရတော့၏။

"အောင်မလေးကွာ... မိန်းမ ခိုးတာပဲ၊ အဆန်းမဟုတ်ပါဘူးကွ။ သူက ကြိုက်လို့လိုက်လာတာဆိုရင် ပြီးတာပဲ။ ဟော့... မင်း ဘာမှ မကြောက်နဲ့ ညွန့်မောင်၊ အုတ်ကြွပ်တန်းမှာ ငါ့သူငယ်ချင်းအိမ် ရှိတယ်။ အို... မင့်ကို ငါစာပေးခိုင်းဖူးတဲ့ အိမ်လေ။ သိတယ်မဟုတ်လား၊ အဲဒီ အိမ်ကို ခေါ်သွား၊ ဘာမှမကြောက်နဲ့" ဟူ၍ စိတ်ရောကိုယ်ပါ အားပေးရုံ သာမက...

"ည ၁၀ နာရီ ခိုးမယ်လား မင်း"

"ဟုတ်ကဲ့၊ ၁၀ နာရီ လာခေါ်ပါလို့ မှာစာထဲပါတာပဲ"

"အေး... ဒါဖြင့် ငါ အခု သွားပြောထားမယ်ကွာ" ဟူသည်အထိ ပင် ကိုယ်ဖိရင်ဖိ အကူအညီရနေပြီ ဖြစ်သောကြောင့် ညွန့်မောင်တွင် ကျေးဇူးတင်၍ မဆုံးနိုင်သလောက် တစ်ဖက်တွင်လည်း ချစ်သူကလေး နှင့် နီးရတော့မည့်အရေးကို ရင်တလှပ်လှပ်နှင့်တွေးကာ ပြုံးစိစိကြီး ငေးနေမိတော့၏။

*

၉ နာရီထိုးသည်နှင့် မောင်ညွန့်မောင်လည်း ထိတ်လန့် တုန်လှုပ် နေသော စိတ်ကို တံတွေးမျိုချရင်း ရဲဆေးတင်ကာ စိတ်အချရဆုံးနှင့်

mgyoe.com

mgyoe.com


အရင်းနှီးဆုံးသော ဆိုက်ကားသမားတစ်ဦးကို လက်တို့ခေါ်သွားပြီး လူသွား လူလာပြတ်သည့် မှောင်ရိပ်တစ်နေရာ ရောက်သည်တွင်မှ သူ မိန်းမခိုးမည့်အကြံအစည်ကို တုန်တုန်ယင်ယင်နှင့် ပြောပြရင်း–

"အဲဒါ ကျွန်တော့်ကို ကူညီပါ ကိုထွေးအောင် နော်"

"အင်း... မင်းတို့ ကာလလူငယ်တွေ ဒါခက်တာပဲ၊ အလုပ်ကလေး အကိုင်ကလေးနဲ့ ဖြစ်လာလို့မှ တစ်နှစ်မရသေးဘူး၊ မိန်းမလိုချင်လာပြီ" ဟု ဆိုက်ကားသမား ကိုထွေးအောင်က ဝေဖန်သံဖြင့် ပြောလိုက်သည်နှင့်။

"ဒါတွေ ထားစမ်းပါဦးဗျာ၊ ခုကိစ္စ မခိုးရင် မဖြစ်တော့လို့ပါ"

မောင်ညွန့်မောင်သည် သို့လျှင် စကားအကြောင်းခံရင်း တင့်ကလေး၏ ပေးစာတွင် ပါသည်တို့ကို ရှင်းလင်းပြောပြလိုက်မှ...

"ဒီလိုဆိုလည်း မော်တော်ကားလေး ဘာလေးနဲ့ လုပ်ပါလား ညွန့်မောင်ရာ၊ မင်းဟာက မိန်းမခိုးမှာ ဆိုက်ကားနဲ့ဆိုတော့"

"အိုဗျာ၊ သူ့အိမ်နဲ့ ကျွန်တော်ခေါ်သွားရမယ့်အိမ်က တစ်ဖာလုံတောင် မရှိဘူးဗျ။ ပြီးတော့ ကားနဲ့ဆိုရင် ရိပ်မိကုန်မှာစိုးလို့ပါ။ ကဲပါ၊ ကိုထွေးအောင် သွားချည်ရအောင်၊ အချိန်သိပ်မရှိတော့ဘူးဗျ"

"အေး... မင်း ဒီမှာစောင့်နေ၊ ငါ ဆိုက်ကားသွားယူခဲ့မယ်"

ကိုထွေးအောင်လည်း လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်ထားခဲ့သော ဆိုက်ကားကို နင်းလာခဲ့၍ မောင်ညွန့်မောင်အနီးသို့ ရောက်သည်နှင့်–

"ကဲ... တက်ကွာ၊ သွားမယ်"

ဆိုက်ကားပေါ် ထိုင်၍ လိုက်ပါလာသော မောင်ညွန့်မောင်မှာ စောစောကနှင့်မတူ၊ တင့်ကလေးတို့နေထိုင်ရာ အိမ်ဘက်ဆီသို့ ရှေးရှု၍ လာနေရသည်နှင့်အမျှ သူ့ရင်တစ်ခုလုံးသည် သွက်သွက်ခါအောင် တုန်နေတော့၏။

mgyoe.com

mgyoe.com


"နေပါဦးကွ ညွန့်မောင်၊ မင်းခိုးမှာက ဘယ်သူလဲ၊ ဈေးသွား ဈေးပြန် မင့်ကို နှုတ်ဆက်ဆင်းသွားတဲ့ ဘော်လီသည် ခင်မြဝေ ဆိုတာလား"

ပေအဝက်ခန့်ရှိ လမ်းကလေး သုံးလမ်းမှ ကျော်လာမိသည်နှင့် ကိုထွေးအောင်က သို့လျှင် စကားစရင်း မေးလိုက်သောကြောင့်...

"မဟုတ်ပါဘူး၊ ဘီအိုစီ ကိုယ်စားလှယ်ကြီး သမီးလေ"

"ဘာကွ၊ မလှတင့်ကလေးလား"

"ဟုတ်တယ်"

ဤမည်သော မောင်ညွန့်မောင်၏ဖြေသံကို ကြားလိုက်ရသည်နှင့် ကိုထွေးအောင်သည် ဆိုက်ကားကို တုံ့ခနဲ ရပ်လိုက်၏။

"ဟေး... မင်းဥစ္စာ သေချာရဲ့လားကွ ညွန့်မောင်။ ခုည ၁၀ နာရီ လာခိုးပါဆိုတာ အောင်သွယ်က ပြောတဲ့စကားလား၊ ကောင်မလေးက"

"သြော်ဗျာ၊ ခုနပဲ သူကိုယ်တိုင်ရေးပေးတဲ့ စာအကြောင်း ကျွန်တော် ပြောပြသေးတယ် မဟုတ်လားဗျ"

"အေးလေ၊ မင်းပြောတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ညနေက သူတို့သားအမိကို ဘူတာရုံမှာ တွေ့လိုက်လို့"

"ဗျာ..."

"အေးကွ၊ ဝန်စည်စလယ်တွေနဲ့ မီးရထားပေါ် တက်သွားတာ တွေ့လိုက်တယ်။ ခရီးသည်တစ်ယောက်သွားပို့ရင်းနဲ့"

"ဟင်... မလှတင့်နဲ့ သူ့အမေ ဟုတ်လား။ ဘယ်ကိုသွားမလို့တဲ့လဲ ကိုထွေးအောင် ဟင်"

အသံကလေး တုန်တုန်နှင့် မယုံကြည်နိုင်သလို မေးလိုက်သော မောင်ညွန့်မောင်တွင် မျက်ရည်ကလေးပါ တစ်ပြိုင်တည်း ဝေလာ၏။

mgyoe.com

mgyoe.com


"ဒါတော့ ငါ ဘယ်သိမလဲကွာ"

ဆိုက်ကားဘေးကာကို ကိုင်ရင်း မောင်ညွှန့်မောင် ငိုင်ကျသွားတော့၏။

"ဒီလိုဆိုရင် အတင့်ကလေး ဒီမြို့မှာ ရှိတော့မှာမဟုတ်ဘူး ထင်ပါရဲ့ဗျာနော်"

ယခုတစ်ကြိမ်၌မူ တုန်ရုံသာမဟုတ်တော့ဘဲ မောင်ညွှန့်မောင်တွင် ငိုသံကလေးပင် ပါနေသည်ဖြစ်သောကြောင့် ကိုထွေးအောင်၌လည်း စိတ်ထိခိုက်သွားသလို တွေသွားရာမှ ဆိုက်ကားကို ဆက်၍ နင်းစပြုရင်း...

"သွားကြည့်ကြသေးတာပေါ့ကွာ"

မလှတင့်တို့အိမ်နှင့် ပေ ၁၅၀ ခန့်အကွာသို့ ရောက်သည်နှင့် ကိုထွေးအောင်လည်း မောင်ညွှန့်မောင်အား တစ်ခုသော သစ်ပင်ရိပ်အောက်တွင် စောင့်နေစေရန်ထားခဲ့ပြီး မလှတင့်တို့အိမ်နား ဆီသို့ ကိုထွေးအောင်တစ်ယောက်တည်း နင်းထွက်သွား၏။

အချိန်မှာ ၉ နာရီနှင့် မိနစ် ၂၀ တိတိ ရှိနေပြီးဖြစ်သောကြောင့် ယခုထိ ရောက်မလာသေးသော ကိုထွေးအောင်ကိုပင် ဆက်၍စောင့်ရမည်လော၊ ချစ်သူမှာထားသည့် နေရာသို့ပင် သွားရမည်လောဟု ချီတုံချတုံ မောနေရှာ၏။

၉ နာရီနှင့် ၃၅ မိနစ်လောက်တွင်မှ ကိုထွေးအောင် ပေါက်လာကာ သူ ခိုင်ခိုင်လုံလုံ စုံစမ်းချက်အရ မလှတင့်သည် သူ မြင်ခဲ့သည့်အတိုင်း အောက်ပိုင်းမြို့တစ်မြို့သို့ သူ့မိခင်နှင့်အတူ ပါသွားရှာပြီဖြစ်ကြောင်း စိတ်မကောင်းစွာနှင့်ပင် ပြောပြလိုက်၏။

"ဘယ်မြို့ကို သွားတာတဲ့လဲ ဟင်၊ အဲဒါ ကိုထွေးအောင် မမေးခဲ့ဘူးလား"

mgyoe.com

mgyoe.com


"မေးတာပဲကွ၊ မလှတင့်တို့အိမ်ကို အမြဲဝင်ထွက်နေတဲ့ စိန်ပွဲစား ဒေါ်ကြူကို ငါ သေသေချာချာ မေးတယ်။ သူလည်း မသိဘူးတဲ့။ သူ ပြောပုံထောက်တော့ ကောင်မလေး ရည်းစားရှိတာသိသွားလို့ တခြား ပို့ပြီး တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးလိုက်မယ့်အဆင်နဲ့ တူတာ ပဲ"

ထိုစကား ကြားလိုက်ရသည်နှင့် မောင်ညွန့်မောင်တွင် ထိပ်မြွေခဲ သလို မိုက်ခနဲ ဖြစ်သွားရှာ၏။ မျက်ရည်လည်း ဝေနေ၏။ အတန်ကြာ သည့်တိုင်အောင် ကြက်သေလည်း သေနေ၏။

"ကျွန်တော် ဘာလုပ်ရမလဲ ကိုထွေးအောင် ဟင်။ ကျွန်တော် ဘယ်လိုကြံရမလဲဗျာ၊ လုပ်ပါဦး"

ဝေနေသော မျက်ရည်သည် ပါးနှစ်ပြင်ပေါ်သို့ တတွေတွေ ယိုစီး ကျလာရာမှ ကြံရာမရတော့သလို ကပိုကရိုကြီး မေးလိုက်၏။ သို့သော် ကိုထွေးအောင်က ဘာတစ်ခွန်းမျှ အဖြေမပေးသေး။ မောင်ညွန့်မောင် အား ကရုဏာမကင်းသလို ငေးကြည့်နေပြီးမှ လာလမ်းအတိုင်း ဆိုက် ကား ပြန်နင်းခဲ့ရင်း...

"အေးပါကွာ၊ သူတို့ ဘယ်မြို့ကိုသွားတယ်ဆိုတာ ငါ ဆက်ပြီး စုံစမ်းပေးပါ့မယ်။ သိပ်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့ ငါ့ညီရာ"

လောလောဆယ်အားဖြင့် ထိုမျှသာလျှင် ကိုထွေးအောင် ပြောနိုင် သေး၏။

*

ပါးနပ်လိမ္မာစွာ ကိုယ်ယောင်ဖျောက်သွားသော မလှတင့် မိဘ များ၏ ပိရိမှုကြောင့် ရက်ပေါင်း ၂၀ ပင် ကျော်ခဲ့သည့်တိုင်အောင် မောင်ညွန့်မောင်သည် မလှတင့်နှင့်ပတ်သက်၍ သဲလွန်စ မရရှိနိုင်ခဲ့ရှာ၏။

mgyoe.com

mgyoe.com


ချစ်သူ... အလွန့်အလွန် မြတ်နိုးလှသော ချစ်သူကလေး တင့်၏ အရေးကိုသာတွေးရင်း အိပ်ရေးပေါင်းများစွာ ပျက်ခဲ့ရပြီဖြစ်သော မောင်ညွန့်မောင်မှာ ယခုအတိုင်းသာ နောက်ထပ်တစ်လလောက် ပူဆွေးနေရဦးမည်ဆိုလျှင် သူ့အဖို့ သက်ဆိုးရှည်ဖွယ်ရာ မမြင်။ ယခုပင် ဖြူဖပ်ဖြူရော်နှင့် အတော်ကလေး ကြည့်မကောင်းအောင် ကြုံလှီနေရှာပြီဖြစ်၏။

သို့သော်...

သန့်ရှင်းစင်ကြယ်သောအချစ်၊ ရိုးသားမှုအနှစ်ဖြင့် အစစ်ကြီးစစ်သော အချစ်၊ ကြီးမားကြွခိုင်သော ဧရာမမေတ္တာတွင် သဒ္ဒါပါနှော၍ ရက်ရက်ရောရောချစ်သော ချစ်သူတို့အဖို့၌ တစ်ရပ်စီနေ၍ တစ်ပြည်စီခြားနေသည့်တိုင်အောင် မေတ္တာစာတ်ချင်းမှာမူ ဆက်သွယ်မြဲ ဆက်သွယ်လျက်ပင် ရှိနေမည်သာ ဖြစ်၏။

တစ်ဦးက ပြည့်ဝန်းသော လသော်တာကိုကြည့်၍ တိုင်တည်နေသကဲ့သို့ တစ်ယောက်ကလည်း ငွေစန္ဒာကိုငေးရင်း အချိန်နာရီနှင့်အမျှ သတိရနေခြင်းပင် မေတ္တာချင်း ဆက်သွယ်နေကြသည် မည်ရာ၏။

တစ်ဖန် ပြင်းထန်လှသော မေတ္တာစာတ်ချင်း တူညီစွာ ချစ်မိနေကြသူတို့အဖို့တွင် မဆိုထားဘိ သာမန်ချစ်သူချင်း၌ပင် နဖူးစာသည် ရှာလည်၏။ ယုံကြည်နိုင်ဖွယ် မရှိလောက်အောင် ဆန်းကြယ်စွာလည်း ဆုံရ၊ ကြုံရ၊ ပေါင်းဖော်ပျော်မွေ့ကြရ၏။

မောင်ညွန့်မောင်တို့ ချစ်သူနှစ်ဦးတွင်လည်း ဆိုခဲ့သည်နည်းတူ ထိုထို ကံဆုံ၍ နဖူးစာရွေးချယ်ရင်း ရှာလည်ခဲ့ကြသူစာရင်းတွင် ပါဝင်စရာရှိနေ၍လောမသိ ရက်ပေါင်း ၃၀ မရှိတရှိ အချိန်မှာပင် မလှတင့်ကလေးအား ဘိုကလေးမြို့တွင် တွေ့ခဲ့ရကြောင်းနှင့် သတင်းကောင်း တစ်ရပ်ကို ရေချိုကုန်ပွဲစား တစ်ဦးထံမှ ထူးထူးခြားခြား ကြားလိုက်ရ

mgyoe.com

mgyoe.com



သဖြင့် ရက်ပေါင်း ၃၀ နီးပါး မချိန်းနိုးနိုးခဲ့ရသော မောင်ညွန့်မောင်မှာ ယခုမှပင် ပြုံးဖော်ရလာတော့၏။ သို့သော် သူ့အပြုံးမှာ အားရဖွယ် မရှိလှသေး။

"ဦးလေးကို ကျွန်တော် တစ်ခုမေးပါရစေနော်။ ဟို... ဆိုက်ကား နင်းတဲ့ ကိုထွေးအောင်ကတစ်ဆင့် ကြားခဲ့ရလို့ ကျွန်တော် လာစုံစမ်း တာပါ၊ ဟို... ဟိုဒင်းလေ၊ မလှတင့်ကလေးကို ဦးလေး တွေ့ခဲ့တယ်ဆို ဘိုကလေးမှာ..."

အသက်အရွယ် ၄၀ ခန့် လူရည်သန့်ကြီး တစ်ဦးအား မောင်ညွန့် မောင်သည် မဝံ့မရဲနှင့် အကဲခတ်ရင်း မေးလိုက်သည်တွင်–

"အေး... ဖျာပုံဘက်မှာ ပုစွန်ခြောက် သွားဝယ်ရင်းနဲ့ ဘိုကလေး ကို အလည်ရောက်ခဲ့လို့ ဟေ့... နေစမ်းပါဦးကွ။ ခု မင်းလာပြီးမေးမှပဲ သတိထားမိတယ်။ ဟို ထွေးအောင်ကလည်း မဆီမဆိုင် မလှတင့် ကလေးတို့များ ရန်ကုန်မှာ မတွေ့ခဲ့ဘူးလားတဲ့။ ဦးလေးကို သူ့ ဆိုက်ကားပေါ်မှာ မေးတယ်။ ဒီတုန်းကတော့ အမှတ်မဲ့ပဲပြောလိုက်မိ တယ်။ ဟော... ခု မင်းက လာမေးပြန်ပြီ။ ဘာသဘောတွေလဲကွ ဟေ"

စကားအသွားအလာနှင့်အတူ အမူအရာပါ တအံ့တဩဖြစ်သွား ကာ သို့လျှင် ပျာပျာသလဲ မေးလိုက်သောကြောင့် မောင်ညွန့်မောင်တွင် သူ့ချစ်သူနှင့်ပတ်သက်၍ ဤဦးလေးသည်သာ တစ်ယောက်တည်း သော အားထားရာဖြစ်နေသည့်အတိုင်း တစ်လုံးမကျန် အမှန်ကို ဖွင့် ပြောလိုက်ရတော့၏။

"ဩ... လက်စသတ်တော့ ဒီလိုကိုး၊ အေး... အေး...၊ ဦးလေး တွေ့ခဲ့တာတော့ အမှန်ပဲကွ။ မင်းပြောမှပဲ သတိထားမိတယ်ဟေ့။ ကောင်မလေးကြည့်ရတာ နည်းနည်းတောင် ပိန်သွားသလိုပဲ"

ထိုစကားကြောင့် မောင်ညွန့်မောင်တွင် ရုတ်တရက် စိတ်မကောင်း

mgyoe.com

mgyoe.com



ဖြစ်သွားသလို မျက်နှာကလေး အိုသွားရှာ၏။

"သူတို့ ဘယ်အရပ်မှာနေသတဲ့လဲ ဦးလေး ဟင်"

"အဲ... ဘယ်နေတယ်တော့ ငါမသိဘူးကွ။ အမှတ်မဲ့တွေ့လိုက်ရတာပဲ။ ငါကသာ သူတို့ကို တွေ့တာကွ။ သူတို့က ဦးလေးကို မြင်ဟန်မတူဘူး။ ဦးလေးမလဲ အရောင်းအဝယ်ကိစ္စက တစ်ဖက်နဲ့မို့ နှုတ်တောင်မဆက်လိုက်မိဘူး"

"ဟုတ်ကဲ့၊ နို့ ဘိုကလေးမြို့ဆိုတာတော့ သေချာတယ်နော် ဦးလေး"

"အေးပါကွ၊ ငါ ကလေးမှမဟုတ်တာပဲ၊ တော်ရိရော်ရိ ပြောပါ့မလား"

"ကျွန်တော်မေးတာ စိတ်မဆိုးပါနဲ့ခင်ဗျာ နော်၊ ကျွန်တော်က..."

"အေးပေါ့လကွာ၊ ချစ်သူနဲ့ ကွဲကွာနေရတယ်ဆိုတော့... ဒါနဲ့နေပါဦး၊ မင်း သူတို့ဆီ လိုက်သွားမယ်စိတ်ကူးသလား"

"ဟုတ်ကဲ့၊ ဒါပေမဲ့ စဉ်းစားရဦးမှာပဲ ဦးလေး။ ဘယ်အရပ်နေတယ်ဆိုတာ အတပ်မသိတော့လဲ"

"ဟာ... မြို့က သိပ်ကြီးတာမှ မဟုတ်တာပဲကွ။ မင်း ဈေးနားကသာ အမြဲစောင့်ရင် လေးငါးရက်မကြာဘူး။ တစ်နေ့နေ့တော့ သူတို့ဈေးဘက်ကို လာမှာပဲ။ မင်း လိုက်သာသွား"

မောင်ညွန့်မောင် ရုတ်တရက် မဖြေ၊ အတန်ကြာတွေနေပြီးမှ...

"ဟုတ်ဘူး ဦးလေးရဲ့၊ ကျွန်တော် ဒီမြို့ကလွဲပြီး ဘယ်မှရောက်ဖူးတာ မဟုတ်တော့ ကြောက်လည်း ကြောက်တယ်ခင်ဗျ၊ ပြီး အဲဒီမြို့မှာ လေးငါးရက်နေပြီး စောင့်ကြည့်ရမယ်ဆိုတော့ တည်းခိုဖို့ အသိမိတ်ဆွေကလည်း ရှိတာမဟုတ်တော့"

"ဒီမှာ မောင်ညွန့်မောင်၊ မင့်ကို ကောင်မလေးကမြင်ရင် အမှန်ပဲ

mgyoe.com

mgyoe.com


မင့်နောက်ကို လိုက်မယ်ဆိုတာ သေချာရဲ့လား”

ဤတွင် မောင်ညွန့်မောင်လည်း မလှတင့် ရေးပေးခဲ့သော စာကလေးကို ထုတ်ပြလိုက်သဖြင့်...

“အေး... ဒီလိုဆို ဦးလေးလည်း ကိုယ်ချင်းစာတယ်၊ ကဲ... မင်းလိုက်သာသွား။ ဟိုမှာ တည်းခိုဖို့ရော စားရေးသောက်ရေးအတွက်ကိုပါ ဦးလေးမိတ်ဆွေတွေဆီ စာရေးပေးလိုက်မယ် ဟုတ်ပလား”

*

ဆိုခဲ့သည့် ဦးလေးကြီးကောင်းမှုကြောင့် မောင်ညွန့်မောင်လည်း ထိုနေ့မှသည် ငါးရက်မြောက်သောနေ့၌ ဘိုကလေးမြို့သို့ ယောင်ချာချာနှင့် ရောက်လာခဲ့တော့၏။

ရောက်သည်ဆိုလျှင်ပင် ချစ်သူကလေး မလှတင့်ကိုသာလျှင် ဘိုကလေးမြို့အနှံ့ တရစပ် ရှာဖွေချင်စိတ်ပေါ်လာ၏။ သူ့ဦးလေးကြီး၏ ညွှန်ကြားချက်အရ သူ တည်းခိုရမည်ဖြစ်သော စာတိုက်ဟောင်းလမ်းရှိ နှစ်ထပ် ပျဉ်ထောင်အိမ်ကြီးတွင် မောင်ညွန့်မောင် ဖင်ငြိမ်ငြိမ်မနေနိုင်။ တလှုပ်လှုပ်တရွရွနှင့် မလှတင့်တို့ လာလိုလာငြား ဈေးဘက်ဆီသို့သာ သွား၍ စောင့်ကြည့်နေချင်၏။

သို့သော် သူ၏ ကျက်သရေရှိသော အင်္ကျီရပ်နှင့် ခင်မင်ဖွယ် မျက်နှာထားကိုကြည့်ရင်း သဘောကျနေကြသော အိမ်ရှင်များ၏ မေးခွန်းအသီးသီးကို ဖြေနေရသည်ကတစ်ကြောင်း၊ ရတ်တရက် ထသွား၍လည်း မကောင်းလှသောကြောင့် အောင့်အောင့်အည်းအည်းနှင့်ပင် အဖြေပေးရင်း အချိန်ကုန်နေရတော့၏။

ထမင်းစားသောက်၍ အပြီးလောက်တွင်မှ တစ်ယောက်တည်း လွတ်လပ်စွာ နေခွင့်ရသလို ရှိလာသည်နှင့် မောင်ညွန့်မောင်လည်း “ဈေး

mgyoe.com

mgyoe.com


ဘက် ခဏ" ဟူသော အကြောင်းပြချက်ဖြင့် သွက်သွက်ကလေး လှမ်းထွက်လာခဲ့၏။

ပထမသော် လမ်းဟူ၍ ရှိသမျှကို တစ်လမ်းဝင် တစ်လမ်းထွက် စနစ်ဖြင့် အတင့်ကလေးအား တွေ့အောင်ရှာမည်ဟု ရည်ရွယ်ခဲ့၏။ သို့သော် သူ တစ်ခုစဉ်းစားမိသည်ကား မူလရည်ရွယ်ချက်အတိုင်း မြို့အနှံ့လျှောက်၍ တစ်လမ်းဝင် တစ်လမ်းထွက် ရှာဖွေရာ၌ မလှတင့်ကို မတွေ့ရသေးမီ မလှတင့်၏မိခင်ကြီးက သူ့ကို မြင်သွားခဲ့သော် အခြေအနေသည် ပို၍ဆိုးဝါးသွားလိမ့်မည်သာ ဖြစ်သည်ကို ရုတ်တရက် စဉ်းစားမိသည်နှင့် လွတ်လပ်ပေါ့ပါးစွာ လျှောက်လာခဲ့သော မောင်ညွန့်မောင်မှာ တောင်မြောက်လေးပါးကို ကျီးလန့်စာစားသလို လှည့်ကြည့်လှည့်ကြည့် ဖြစ်လာတော့၏။ မတော်တဆ မလှတင့်မိခင်ကြီး သူ့ကို မြင်သွားလေမည်လားဟု စိုးရိမ်စ ပြုလာ၏။

မောင်ညွန့်မောင်လည်း ဤလိုတွေးရင်း သတိနှင့်လျှောက်လာရာမှ ဈေးအနီးသို့ရောက်သည်နှင့် စတိုးဆိုင်တစ်ဆိုင်ဝင်ကာ နေရောင်ကာ မျက်မှန်တစ်လက်ကို ခပ်သွက်သွက် ဝယ်ယူပြီး ရုပ်ဖျက်သလို တပ်ထားလိုက်၏။ ဤတွင်မှ စိတ်ရော ကိုယ်ပါ ရဲရဲတင်းတင်း ဖြစ်လာ၏။ ဈေးအနီးတစ်ဝိုက်တွင် သုံးလေးပတ်မျှ လှည့်လျှောက်ရင်း ချစ်သူကို ရှာနေမိ၏။

ဖြူဖြူဖွေးဖွေး မိန်းမပျိုလေးများကိုမြင်လိုက်တိုင်း မောင်ညွန့်မောင်တွင် ရင်တခုန်ခုန်ဖြင့် လှမ်းကြည့်မိ၏။ သို့သော် မလှတင့်နှင့်ဟူ၍ ဆင်တူယိုးမှားပင် မတွေ့ရသောကြောင့် သက်ပြင်းတချချ ရှိနေရှာတော့၏။

အချိန်မှာလည်း ဈေးချိန်မဟုတ်သောကြောင့် အသွားအလာ ကျဲနေသည်နှင့် နက်ဖြန်နံနက်မှပင် ခပ်အေးအေးလာစောင့်တော့မည် ဟူ

mgyoe.com

mgyoe.com



သော ဆုံးဖြတ်ချက်ဖြင့် ကမ်းနားလမ်းဘက်သို့ အချိုးလိုက်တွင် တရုတ်ကုန်တိုက် တစ်ခုထဲသို့ လှမ်းဝင်သွားသော ခပ်ဝဝအဒေါ်ကြီး တစ်ဦးနှင့်အတူ မိန်းမပျိုဖြူဖြူကလေး တစ်ယောက်ကို မြင်လိုက်ရသည်နှင့် မောင်ညွှန့်မောင်တွင် ရုတ်တရက် ကိုယ်ရှိန်တန့်သွား၏။

အဆိုပါ မိန်းမပျိုမှာ ကိုယ်လုံးကိုယ်ပေါက်ကအစ မလှတင့်နှင့် တစ်ပုံတည်းတူနေလျက် ခပ်ဝဝအဒေါ်ကြီးသည်လည်း မလှတင့်၏ မိခင်နှင့် အလုံးအဖန်ပါ ဆင်နေသောကြောင့် မောင်ညွှန့်မောင်လည်း မလှမ်းမကမ်းရှိ ဆေးလိပ်ဆိုင်ကွယ်မှ ရပ်ကာ ထိုကုန်စုံဆိုင်ထဲသို့ အကဲခတ်ကြည့်ရင်း ရင်တဒိတ်ဒိတ်ခုန်နေ၏။

"ဟင်း..."

သုံးလေးမိနစ်မျှ ရင်တမမဖြင့် စောင့်ကြည့်နေခဲ့ပြီးသည်၏ အဆုံး၌ မောင်ညွှန့်မောင်လည်း အဆိုပါမိန်းမပျိုမှာ နောက်ပိုင်းမှသာ တူပြီး သူမျှော်လင့်သလို မလှတင့်မဟုတ်သည်ကို တွေ့လိုက်ရသည်တွင်မှ သို့လျှင် ဟင်းရှည်ကြီးချရင်း တစ်လှမ်းချင်း လှည့်ထွက်သွားတော့၏။

*

တစ်နေ့သော်လည်း တွေ့နိုးနိုး၊ တစ်နေ့သော်လည်း မြင်ရနိုးနိုးနှင့် လူစည်ကားရာ ဈေးအနီးမှနေ၍ စောင့်ခဲ့၊ မျှော်ခဲ့ရသည်မှာ ယနေ့ပါနှင့် ဆိုသော် ရှစ်ရက်တင်းတင်း ပြည့်ခဲ့ပြီ၊ မောင်ညွှန့်မောင်တွင် သူ့ချစ်သူကို မမြင်ရ၊ မတွေ့ရရှာသေး။

သာမန်အားဖြင့်ဆိုလျှင် ချစ်သူက ချစ်သူကို ဤလို ချောင်းမြောင်း စောင့်မျှော်ရသည်မှာ ဘာမျှမဟုတ်သော ကိစ္စကလေးသဖွယ်သာ ထင်ရသော်လည်း မောင်ညွှန့်မောင်အဖို့၌ကား လွယ်ကူသက်သာလှသည် မဟုတ်။ မိမိနေထိုင်ရာ မြို့၊ ရပ်ကွက်မဟုတ်သောကြောင့် သာ၍ပင်

mgyoe.com

mgyoe.com


မလွယ်ကူ။

တစ်ဖန် ကျယ်ဝန်းကြီးမားလှသော ဈေးကြီးတစ်ဈေးလုံးတွင် တစ်ယောက်တည်း စောင့်မျှော်နေရသည့် တာဝန်သည်လည်းမသေးလှ၊ အထည်တန်း၊ စက်တန်းဘက် လာလေမည်လားဟူသော မျှော်လင့်ချက်ဖြင့် အထည်တန်းဆီတွင် မယောင်မလည် စောင့်ကြည့်နေရာမှ...

"ခုနေ တင့်ကလေး ပုစွန်ခြောက်တန်း ရောက်နေမလား မသိဘူး" ဟူသော အတွေးဖြင့် မောင်ညွန့်မောင်သည် ငါးခြောက်၊ ငါးပိနှင့် ပုစွန်ခြောက်တန်းဆီသို့ ခြေလှမ်းကျဲကျဲနှင့် လျှောက်လာမိပြန်၏။ ထိုမှ တစ်ဖန် မလှတင့်လေးတို့ မုန့်ဟင်းခါးများ စားနေလေမည်လော ဟူသည့်အထင်ဖြင့် မုန့်ဈေးတန်းဘက်သို့ သွက်သွက်ကလေး လျှောက်လာခဲ့ပြန်၏။

ဤလိုဖြင့် သူ့တွင် နားရသည်မရှိ၊ စိတ်ရောလူပါ မောပြီး အတော မသတ်နိုင်အောင် ပင်ပန်းလျက်ရှိ၏။ တစ်နေ့လည်းမဟုတ်၊ သုံးရက်လည်းမက ရှစ်ရက်လုံးလုံး ချစ်သောကတွေဖြင့်သာ ဖုံးလွှမ်းနှမ်းနယ်နေရှာ၏။

၁၀ ရက်မြောက်သောနေ့အထိ မလှတင့်ဟူ၍ အရိပ်အဆင်တူသည်ကိုပင် နောက်ထပ်မတွေ့ရ၊ နံနက် ၆ နာရီလောက်မှသည် ဈေးကွဲသည်အထိ တစ်ကြိမ်စောင့်၍ ညနေဘက်တွင်လည်း ၃ နာရီသာသာမှ နေဝင်သည်အထိ စောင့်ကြည့် ရှာဖွေခဲ့၏။ နေ့လယ်ဘက်တွင်လည်း မအားရ၊ အထက်ပိုင်း ကမ်းနားလမ်း၊ သာပေါင်းနှင့် နတ်ချောင်း အစရှိသော ရပ်ကွက်လမ်းများဘက်သို့လည်း တစ်အိမ်အိမ်တွင် တွေ့လိုတွေ့ငြား လှည့်လည် ရှာဖွေရချေသေး၏။

၁၄ ရက်လုံးလုံး ကုန်ဆုံးခဲ့ပြီဖြစ်သောနေ့တွင်မူ မောင်ညွန့်မောင်တွင် အတင့်ကလေး ဤမြို့၌ ရှိမှရှိပါလေ၏လောဟု သံသယ

mgyoe.com

mgyoe.com


ဖြစ်လာ၏။ ငွေလည်းကုန်၊ အချိန်လည်းကုန်နှင့် လဝက်မျှသော အလုပ်ကလည်း ပျက်ခဲ့သည်နှင့်အမျှ လစာငွေတစ်ဝက်သည်လည်း ထိခိုက်နစ်နာနေပြီ ဖြစ်၏။

ဤသည့် နစ်နာဆုံးရှုံးမှု အစုစုထက် ၁၀ ဆမက ထိပါးစေကာမူ သူ့ချစ်သူကလေးနှင့် တွေ့ရ ကြုံရမည်ဆိုက သူ မဖြုံ၊ တုန်လှုပ်လိမ့်မည်လည်း မဟုတ်။ ယခုသော် သတင်းကြားနှင့်သာ လာခဲ့ရသည်ဖြစ်၍ မောင်ညွှန့်မောင်တွင် ဇဝေဇဝါဖြစ်လာ၏။

"ဦးလေးက ဒီမြို့မှာတွေ့ခဲ့တာ မှန်ပေမဲ့ ငါ ဒီမြို့မရောက်ခင် တခြားတစ်မြို့မြို့ကိုများ သူတို့ ရွှေ့သွားသလား၊ ဒါမှမဟုတ် တို့မြို့ကိုပဲ ပြန်သွားပြီလား" ဟူ၍လည်း မောင်ညွှန့်မောင် တွေးကြည့်၏။

သို့သော်...

ယခုကဲ့သို့ ဖြစ်နိုင်သည့်နည်းလမ်းရှိသလောက် တွေးရင်းကိုအောင်မြတ်တို့ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ မောင်ညွှန့်မောင် တငေးငေးတငိုင်ငိုင် ရှိနေသည့်အခိုက်...

အထက်ပိုင်း ကမ်းနားလမ်းရှိ တစ်ဆောင်သော ပျဉ်ထောင်အိမ်ကြီး အပေါ်ထပ်တွင်မူ ဖြူဖြူဝဝနှင့် အရွယ်ချင်း မတိမ်းမယိမ်း ကြည့်၍ကောင်းလှသော အမျိုးသမီးကြီးနှစ်ယောက်သည် နှစ်ကိုယ်ကြား စကားဖြင့် တိုးတိုးတိတ်တိတ် ရေရွတ်နေသည်ကို တွေ့ရ၏။

"ဒါကြောင့် ကျွန်မတို့ ဒီကို ထွက်လာကြတာပေါ့ မရွှေမြင့်ရဲ့။ ဘယ်သူက ဘာပဲပြောပြောလေ၊ ကျွန်မတော့ ကျွန်မသမီးကို ဒီကောင်နဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

"ဟုတ်တာပေါ့ရှင်။ ဒီ ညွှန့်မောင်က ပစ္စည်းလည်းမရှိ၊ ဂုဏ်လည်းမရှိ၊ ပညာဆိုလို့လည်း ဘာမှရှိတာမဟုတ်ဘူး။ မငွေညွှန့်လို မအေအရင်းမပြောနဲ့ ကျွန်မတို့ ဘေးလူတောင် မလှတင့်လေးနဲ့ သဘော

mgyoe.com

mgyoe.com


မတူနိုင်ဘူး"

ဤတွင် မလှတင့်၏မိခင်ကြီး ဒေါ်ငွေညွှန့်က တောင်မြောက်လေးပါးကို မျက်လုံးကစားရင်း ကြည့်လိုက်ပြီး...

"အင်း... ဒါကြောင့်လည်း ဒီကောင်လေး လိုက်မလာနိုင်အောင် မီးရထားတစ်တန်၊ သင်္ဘောတစ်တန်နဲ့ ဒီအရောက် ထွက်ခဲ့တာပေါ့။ ဒါနဲ့ မရွှေမြင့် ခုလာတော့ ညွှန့်မောင်ကို တွေ့ခဲ့သေးလားဟင်"

"အဲဒါ ကျွန်မလည်း ခု ပြောတော့မလို့ပေါ့။ ရှင်နဲ့ မလှတင့်တို့လည်း မြို့ကထွက်သွားရော သိပ်မကြာဘူး ညွှန့်မောင်လည်း ပျောက်သွားတာပဲ။ အဲဒါ ဦးကင်ဆန်းက ကျွန်မကို စုံစမ်းခိုင်းလို့ လျှောက်စုံစမ်းကြည့်တော့ မန္တလေးဘက် ထွက်သွားတယ်လို့ လျှို့ဝါဆိုင်ရှင်အထုံက ပြောလိုက်တယ်"

ဒေါ်ရွှေမြင့်က အားပါးတရပြောရင်း... သို့ အဆုံးသတ်လိုက်သည်ကို ဒေါ်ငွေညွှန့်ကလည်း ပြုံးပြုံးကြီး နားစွင့်နေရာမှ...

"ဟဲ... ဟဲ... ကဲ... ကျွန်မတို့အကြံ ဘယ်လောက်ပိရိသလဲ ဟင်။ ကျွန်မတို့က ဘိုကလေးကို ထွက်လာတယ်။ ညွှန့်မောင်က မန္တလေးဘက် လိုက်သွားတယ်ဆိုတော့ အင်း... ဒါပေမဲ့လည်း ဒီကောင့်ကို စိတ်ချရတာ မဟုတ်ဘူး မရွှေမြင့်ရဲ့၊ မန္တလေးထိအောင်တောင် သဲသဲမဲမဲလိုက်ရှာနေပုံထောက်ရင် မတွေ့တွေ့အောင်ရှာနေမှာ စိုးရတယ်။ ကဲ... သောက်လိုက်ပါဦး၊ ကော်ဖီတွေ အေးကုန်ရော့မယ်"

ဒေါ်ရွှေမြင့်လည်း ကော်ဖီပန်းကန်ကို အသာလှမ်းကိုင်လိုက်ရာမှ..

"ဒါနဲ့ မလှတင့်ကလေးကော ခုနပဲ မြင်လိုက်သေးတယ်"

"ဩော်... ရှင်နဲ့တိုင်ပင်စရာရှိလို့ သူ့ကို လမ်းလျှောက်လွှတ်လိုက်သလေ"

"ဟင်... သူ့ကို ဒီလိုပဲ သွားခွင့်လာခွင့် ပေးထားရသလား

mgyoe.com

mgyoe.com


မငွေညွန့်ရဲ့"

"အို… စိတ်ချရတဲ့ အဖော်နဲ့ပေါ့။ ကျွန်မတူမလည်း ပါသွားပါတယ်"

"ဒီလိုဖြင့် ကောင်းပါလေ့ရှင်"

တစ်ချိန်တည်းလိုလို အချိန်မှာပင် မလှတင့်ကလေးနှင့်အတူ အသက် ၃၀ ခန့် မိန်းမရွယ်တစ်ယောက်သည် သင်္ဘောဆိပ်ဘက်တွင် လေညင်းခံရင်း လမ်းလျှောက်နေကြရာမှ ရုတ်တရက်ဆိုသလို ဈေးဘက်သို့ လှည့်တက်သွားကြ၏။ ထို့နောက် ဟိုချိုးသည်ကွေ့နှင့် ကိုအောင်မြတ် လက်ဖက်ရည်ဆိုင်ရှေ့မှ ခပ်မှန်မှန်လှမ်းရင်း ဖြတ်လျှောက်သွားကြ၏

ထိုအချိန်၌ မောင်ညွန့်မောင်လည်း ကိုအောင်မြတ် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေသည့် အခိုက်အတန့်ဖြစ်သည်သာမက မလှတင့်ကလေးတို့ လျှောက်သွားရာ လမ်းဘက်သို့ မျက်နှာမူလျက်ပင် ရှိနေစေကာမူ စိတ်ပျက်လက်ပျက်နှင့် ငိုင်ရင်း ငုံ့နေသည့် အချိန်နှင့် ကြုံနေသောကြောင့် မလှတင့်တို့ကို မမြင်လိုက်ရ။

မလှတင့်ကလေးကလည်း လက်ယာဘက်ရှိ လက်ဖက်ရည်ဆိုင်ကို သတိမထားမိဘဲ လက်ဝဲဘက်မှ အဖော်မိန်းမရွယ်ကိုသာ လှည့်ကြည့်ရင်း စကားတပြောပြော လျှောက်လာသောကြောင့် မောင်ညွန့်မောင်အား ကျောခိုင်းထားသလို ဖြစ်နေပြန်၏။ အကယ်၍သာ မလှတင့်တို့နှစ်ယောက် လက်ဝဲလက်ယာပြောင်း၍ လျှောက်လာခဲ့ကြသော်ဖြစ်စေ၊ သို့မဟုတ် မောင်ညွန့်မောင်ကလည်း ယခုကဲ့သို့ ငိုင်တွေမနေဘဲ ရောက်စရက်များကကဲ့သို့ ကျီးကန်းတောင်းမှောက်သလို တစ်အောင့်ကလေးမျှ အနားမပေးဘဲ ကြည့်ရှုနေခဲ့လျှင်ဖြစ်စေ ယုတ်စွအဆုံး လောလောဆယ်ဆယ်၌ တစ်ချက်လောက်မျှသာ မော်ကြည့်မိမည်ဆိုလျှင် သူ

mgyoe.com

mgyoe.com


အလွန်တွေ့ချင်နေသော မလှတင့်ကို ယခုပင် တွေ့ရတော့မည် ဖြစ်၏။

သို့သော် တော့လွဲကလေး လွဲသွားရရှာချေပြီ။ မလှတင့်တို့ ထို လက်ဖက်ရည်ဆိုင်ရှေ့မှလွန်၍ လမ်းထောင့်တစ်ခုသို့ ချိုးသွားခါမှ မောင်မင်းကြီးသား ညွှန့်မောင် သက်ပြင်းချရင်း ခေါင်းထောင်လာလေ တော့၏။

စင်စစ်သော် တော့လွဲ လွဲရသည်မဟုတ်၊ မလှတင့်သည် သူ့မေမေ နှင့်ဖြစ်စေ၊ ယနေ့ သူနှင့်အဖော်ပါလာသူ မိန်းမရွယ်နှင့်ဖြစ်စေ ဈေးဘက် ဆီသို့ ရက်ခြားလိုလို ရောက်လာတတ်သည်သာ ဖြစ်၏။ သို့ ရောက် လာတိုင်းလည်း အကယ်၍ မလှတင့်တို့က အထည်တန်းဘက်မှ ဖြတ် လာစဉ် မောင်ညွှန့်မောင်သည် ဟင်းရွက်တန်းဘက်၌ သွားလာရှာဖွေ နေတတ်၏။ မလှတင့်တို့ ဟင်းရွက်တန်းတွင် ဈေးဝယ်နေခိုက် မောင် ညွှန့်မောင်က ငါးပိ၊ ငါးခြောက်တန်းသို့ ရောက်နေတတ်ပြန်၏။ ဤလို ဖြင့် လေးကြိမ်ထက်မနည်း သူတို့နှစ်ယောက် လွဲခဲ့ပြီးပြီ ဖြစ်၏။

သို့သော် ထိုစဉ်က အလှမ်းဝေးစွာ နေရာချင်း အတော်ကြီးကွာ၍ လွဲခဲ့ရသော်လည်း ယနေ့ လွဲရသည့်အလွဲကား မျက်နှာတစ်မော့ ခေါင်း တစ်ငုံ့မျှသာ ဖြစ်သောကြောင့် လွဲရချက်မှာ အတော်ကလေး နာလှချေ ၏။

*

ဒေါ်ငွေညွှန့်တို့မှာမူ ယခုတိုင် စကားကောင်းနေဆဲပင် ရှိနေသေး ၏။

"နို့ ရှင်တို့အစီအစဉ်က ဘယ်လိုတုံး မငွေညွှန့်ရဲ့၊ ခုလိုရှောင်ရှဲ နဲ့ ပြီးရောလား"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ၊ မလှတင့်ကို ဦးကျင်တိတ်သားနဲ့

mgyoe.com

mgyoe.com


နေရာချပေးဖို့ ကိစ္စကို ကိုကင်ဆန်းနဲ့ ကျွန်မ စာပေးစာယူ တိုင်ပင်နေကြတာ။ ခုတော့ ပြီးသလောက် ဖြစ်သွားပါပြီ။ ဒါပေမဲ့ မိလှတင့် အကြောင်းလည်း ရှင်သိသားမဟုတ်လား မရွှေမြင့်ရဲ့၊ ဖြုန်းခနဲ ဒိုင်းခနဲ လုပ်လို့ရမှာ မဟုတ်ဘူး။ ကောင်မလေးက ဟိုကောင့်အပေါ်မှာ စိတ်ကတယ်ပြီးကုန်သေးတာ မဟုတ်တော့ တဖြည်းဖြည်း မျှားရင်း နားချနေရတယ်"

"ဒီလိုဆိုလည်း မြန်မြန် ကိစ္စငြိမ်းအောင်လုပ်ပေါ့ရှင်။ ခုလို ရှောင်နေပုံက အရပ်ဆိုးလှတယ်။ ဖအေက တခြား၊ သမီးနဲ့ မအေက တစ်မြို့"

"ရှူး... လာကြပြီ၊ ဒီစကား ဖြတ်လိုက်တော့"

ဒေါ်ငွေညွန့်လည်း နှုတ်ခမ်းကို လက်ညှိုးဖြင့် ကန့်လန့်ဖြတ်ထောင်ပြရင်း ဟန့်လိုက်သည်နှင့် မရှေးမနှောင်းမှာပင် မလှတင့်တို့ အိမ်ပေါ် ရောက်လာတော့၏။

*

ထိုနေ့မှာ မောင်ညွှန့်မောင် ဘိုကလေးရောက်ခဲ့သည့် ၁၇ ရက်မြောက်နေ့ ဖြစ်၏။ ယနေ့အထိလည်း မလှတင့်ကို မတွေ့ရသေး။ သူ စိတ်ဓာတ်ပျက်နေပြီ ဖြစ်၏။ သူ့စိတ်ထဲတွင် ဤမျှကျဉ်းမြောင်းသော မြို့ကလေး၌ ဤမျှလောက်ကြာအောင် ပိုက်စိပ်တိုက်ရှာပါလျက်နှင့် အရိပ်အယောင်မျှ မတွေ့ရသည်မှာ ဤမြို့တွင် မလှတင့်တို့ မရှိတော့၍သာဟု သူ စွဲမှတ်ယုံကြည်လိုက်၏။

သို့အလျှောက်လည်း မနေ့ညက တစ်ညလုံးလိုလိုပင် မောင်ညွှန့်မောင်သည် အတွေးဖြင့် အလုပ်ရှုပ်နေခဲ့ပြီ။ နောက်ဆုံး၌ တိကျသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်၏။ ထိုဆုံးဖြတ်ချက်ကား ယနေ့ ထပ်၍ရှာဦးမည်။ ဈေးပတ်ဝန်းကျင်မှ စောင့်ကြည့်ဦးမည်။ အကယ်၍

mgyoe.com

mgyoe.com


မတွေ့ခဲ့သော် နက်ဖြန်နံနက် သင်္ဘောဖြင့်ပင် နေရပ်သို့ ပြန်တော့မည်။ ဤသည်ပင် သူ၏ဆုံးဖြတ်ချက် ဖြစ်၏။

ယနေ့တစ်နေ့တည်းသာ စောင့်၍ ရှာတော့မည်ဟူသော ထိုဆုံးဖြတ်ချက်အတိုင်း မောင်ညွန့်မောင်သည် ရောက်စနေ့ကထက် ဝီရိယကောင်းစွာ နံနက် ၅ နာရီသာသာ ဝေလီဝေလင်းအချိန်မှာပင် ဈေးအနီးသို့ ရောက်နေခဲ့၏။ ထိုအချိန်မှာ ဈေးသည်များသာ ၎င်းတို့ဆိုင်ကို ရှင်းလင်း ခင်းကျင်းနေသော အချိန်ဖြစ်လျက် ဝယ်သူဆို၍ ဟုတ်တိပတ်တိ ရောက်မလာသေး။

မောင်ညွန့်မောင်တွင်လည်း နောက်ဆုံးအဖြစ် ဆုံးဖြတ်ချက် ချထားသည့်နေ့ ဖြစ်သည့်အတိုင်း ယခင်ရက်များကနှင့်မတူ ထူးထူးခြားခြား တုန်လှုပ်နေ၏။ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်ကာ–

"ဘုရားတပည့်တော်သည် ချစ်သူတင့်ကလေးအား ကမ္ဘာပေါ်တွင် အချစ်ဆုံးဖြစ်ပါ၏။ တင့်အတွက်ဆိုပါက အသက်စွန့်ရန်ပင် အသင့်ရှိပါ၏။ ရိုးသားစွာ ချစ်ပါ၏။ မဖောက်မပြန် ရာသက်ပန် ပေါင်းဖော်မြတ်နိုးမည် ဖြစ်ပါ၏။ ဤမှန်ကန်သော စကားကြောင့် တင့်ကလေးနှင့် ယနေ့ တွေ့ကြုံရပါလို၏။ တွေ့မြင်ရပါစေသား။"

စိတ်ထဲမှလည်း ရည်ရွယ်နေချေသေး၏။ စိတ်ကူးနှင့်လည်း ဦးချနေချေသေး၏။ မျက်လုံးများသည်လည်း တောင်မြောက်လေးရပ်ကို မရပ်မနားကြည့်ရင်း ချစ်သူကို ရှာနေ၏။

"ဟုတ်မှာပါပဲ။ တင့်တို့ ဒီမြို့မှာတော့ ဘယ်နည်းနဲ့မှ ရှိမယ်မထင်ဘူး" ဟူ၍လည်း တစ်ခါတစ်ခါ စိတ်ထဲမှ ရေရွတ်လိုက်ပြန်၏။

ယနေ့တွင်မူ မောင်ညွန့်မောင်သည် ယခင်ရက်များကကဲ့သို့ ဈေးတန်းအနှံ့ကို ချာချာလည်မျှ ရှာမနေတော့ဘဲ လူကုံထံ လူချမ်းသာများနေထိုင်ရာ အထက်ပိုင်း ကမ်းနားလမ်းဘက်ဆီမှ ဈေးသို့လာရာ လမ်း

mgyoe.com

mgyoe.com


ဆုံရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်ထိုင်ရင်း မျက်ခြည်မပြတ် လူသွားလူလာများကို အကဲခတ်လျက်ရှိ၏။ သူ့တွက်ကိန်းသည် မမှား၊ သူ၏တင့်ကလေးသည် အထက်ပိုင်း ကမ်းနားလမ်းတွင်ပင်နေလျက် ဈေးသို့လာသောအခါများ၌လည်း ယခု မောင်ညွန့်မောင်ထိုင်နေရာ လက်ဖက်ရည်ဆိုင်ရှေ့မှပင် ဖြတ်၍သွားးတတ်၏။

ယနေ့သော်ကား မောင်ညွန့်မောင်ပင် ကံချော်၍လောမသိ၊ ဒေါ်ရွှေမြင့်နှင့် ဆက်လက်ဆွေးနွေးရန် စကားကျန်နေသေးသည့်အတိုင်း ဒေါ်ငွေညွန့်က အတင့်ကလေးအား...

"သမီးလေး မုန့်ဟင်းခါးလေး ဘာလေး စားချင်သွားစားလေ၊ သွား။ မမသိန်းနဲ့ နှစ်ယောက် သွားစားချေကြ"ဟု ရှောရှောရှူရှူလွှတ်သည့်တိုင်အောင်..."

"ဟင့်အင်း မေမေ၊ သမီး ကော်ဖီပဲ သောက်တော့မယ်"

မလှတင့်ကလည်း မိန်းမပါးကလေးဖြစ်သည်နှင့်အညီ ဒေါ်ရွှေမြင့်နှင့် သူ့မေမေတို့ တိုင်ပင်ကြမည့်ကိစ္စကို ရိပ်မိ၍လောမသိ၊ သို့လျှင်ဣန္ဒြေရရကလေး ငြင်းပယ်လိုက်၏။

လွဲကြရပြန်ချေပြီ။ အကယ်၍သာ မလှတင့်ကလေး မုန့်စားထွက်ခဲ့လေက အမှန်မုချ မောင်ညွန့်မောင်နှင့် တွေ့ကြမည်သာ ဖြစ်၏။

တစောင့်စောင့် တမျှော်မျှော် မော်ရင်း ငေးရင်းနှင့်ပင် ၉ နာရီထိုးခဲ့လေပြီ။ ဈေးဝယ်ဈေးသွားတို့သည်လည်း တဖြည်းဖြည်းကျဲ၍ဈေးကွဲစ ပြုခဲ့လေပြီ။ မောင်ညွန့်မောင်တွင်မူကား လက်မှိုင်ချရင်း ငိုင်ကျသွားရုံမှအပ အခြား ဘာမျှမတတ်နိုင်။

လုံးလုံးလျားလျား လူသွား လူလာ ရှင်းသလောက်ရှိသွားသည်နှင့် မောင်ညွန့်မောင်လည်း သူတည်းခိုရာ စာတိုက်ဟောင်းလမ်းအိမ်သို့ပြန်လာခဲ့၏။ မကောင်းတတ် မလွှဲသာ၍သာ ထမင်းဝင်စားလိုက်ရ

mgyoe.com

mgyoe.com


သော်လည်း သူ မျှဉ်မကျ၊ စိတ်မပါ့တပါနှင့်ပင် စားသောက်ပြီး ချက်ချင်း အိမ်မှထွက်သွား၏။ ပင်းမင်းဆိုင်တွင် အပ်ထားသော ရှပ်နှင့် စွပ်ကျယ်နှစ်ထည်ကို ရွေးလာ၏။ နောက်ဖေးဝင်းထဲတွင် လှန်းထားသော လုံချည်ကိုပါရုပ်၍ သပ်သပ်ရပ်ရပ် ခေါက်သိမ်းလိုက်၏။

"ပြန်မယ်၊ ဒီနေ့ည သင်္ဘောနဲ့ပဲ ငါပြန်တော့မယ်။ ဒီလောက်စောင့်ကြည့်လို့မှ မတွေ့တာ၊ သူတို့ ဒီမှာရှိပုံမပေါ်တော့ဘူး"

သို့နှင့် စိတ်ထဲမှရေရွတ်ရင်း အဝတ်အစားများကို သိမ်းဆည်းနေ၏။ နောက် အခန်းထောင့် တစ်နေရာတွင်ထိုင်ကာ ပါလာသောပိုက်ဆံများကို ထုတ်၍ ရေတွက်ကြည့်ရာတွင် ငွေလေးဆယ်နီးမျှ လျော့သွားပြီကို တွေ့ရသည်နှင့် မသိမသာ သက်ပြင်းကလေး ချလိုက်မိရှာ၏။

တစ်ချက်တီးသာသာလောက်တွင် တစ်ဖန် မောင်ညွန့်မောင် ဈေးဘက်သို့ ထွက်လာပြန်၏။ သို့သော် ခါတိုင်းကဲ့သို့ ဤတစ်ကြိမ်၌ ဈေးထဲသို့ မဝင်၊ တတိယလမ်း၊ ဒုတိယလမ်း စသဖြင့် တစ်လမ်းဝင် တစ်လမ်းထွက်ကာ ချစ်သူကို တွေ့လိုတွေ့ငြား နောက်ဆုံး ကြိုးစားခြင်းအနေဖြင့် လှည့်လည်ရှာဖွေနေပြန်၏။ နတ်ချောင်းနှင့် သာပေါင်းဘက်သို့လည်း ရောက်၏။ အိမ်ကြီးအိမ်ကောင်း ရှိသမျှ လမ်းအနှံ့ တရစပ် လျှောက်ခဲ့၏။ မလှတင့်တို့နေထိုင်ရာ အိမ်ကြီးရှေ့သို့လည်း အသွားအပြန် နှစ်ခါလျှောက်၍ နှစ်ခေါက်တိတိ ရှာခဲ့သေး၏။

သုံးနာရီ ထိုးလုလုတွင်မှ မောင်ညွန့်မောင် ခြေကုန်လူပန်း တစ်ကိုယ်လုံး နွမ်းအိုက်လာပြီး ဈေးဘက်ပြန်အရောက်တွင် ကိုအောင်မြတ် လက်ဖက်ရည်ဆိုင်၌ တစ်ထောက်နားလိုက်၏။

ယင်းသည့်အချိန်မှာပင် ဒေါ်ငွေညွန့်နှင့် ဒေါ်ရွှေမြင့်တို့လည်း မလှတင့် အလစ်အလစ်တွင်မှ တိုင်ပင်စရာရှိသည်တို့ကို ခပ်သုတ်သုတ် ပြောဆိုနေကြရ၏။

mgyoe.com

mgyoe.com


"ဒီမှာ မရွှေမြင့်၊ ကျွန်မမှာတဲ့အတိုင်းသာ ကိုကင်ဆန်းကို ပြောပြပါ။ ခုလအတွင်းမှာ သမီးကိစ္စကို ပြီးသွားအောင်လုပ်လိုက်မယ်လို့ ဟုတ်လား၊ နောက်ပြီး..."

ဒေါ်ငွေညွန့် စကားမဆုံးမီမှာပင် ကော်ဖီဗန်းနှင့်အတူ မလှတင့် ရောက်လာပြန်သဖြင့် စကားစကို ဖြတ်လိုက်ရတော့၏။

"ကဲ... တူမရေ၊ ဘာမှာဦးမလဲ၊ ဒီနေ့ည သင်္ဘောနဲ့ ဒေါ်ဒေါ်မြင့် ပြန်မယ်"ဟု ဒေါ်ရွှေမြင့်က စကားဦးကို လှည့်ပစ်လိုက်သည်၌–

"ဟင်... ဒေါ်ဒေါ်မြင့်ကလည်း မြန်လိုက်တာ"

မလှတင့်ကမူ ထိုမျှသာပြောလိုက်ရင်း ဒေါ်ရွှေမြင့်ရော သူ့မိခင်ကြီးကိုပါ မသိမသာ အကဲခတ်နေ၏။

"အေးကွယ်၊ အစကတော့ လေးငါးရက်လောက် နေဦးမလို့ပဲ။ ဒါပေမဲ့ မဖြစ်တော့ဘူး။ ကျိုက်လတ်ကိုလည်း ဝင်စရာက ရှိသေးတယ် ကွယ့်"

ဤတွင် သုံးယောက်သား စကားစ ပြတ်သွားကြ၏။ ကော်ဖီတစ်ပန်းကန်စီကိုင်၍ ကိုယ့်အတွေးနှင့် ကိုယ် သောက်နေကြရာမှ...

"ကဲ... သမီးရေ... သမီးရဲ့ဒေါ်ဒေါ်မြင့်က ညသင်္ဘောနဲ့ ပြန်မှာ။ ဒီတော့ လက်ဆောင်ပေးလိုက်ရအောင် တစ်ခုခု သွားဝယ်ချေပါလား ကွယ်ဟင်"

မလှတင့်ကမူ သွက်လက်သောအမူအရာ မပြ၊ သွားချင်ပုံလည်း မရ၊ သူ မကြားစေလိုသော စကားကို ပြောကြမည်ဖြစ်၍ ယခုလို ဈေးသို့ လွှတ်ကြောင်း မလှတင့် ကောင်းကောင်းရိပ်မိလိုက်၏။

"ဟင်... မေမေကလည်း ဘာ ဘယ်လိုဝယ်ရမယ်မှန်းမှ သမီးမသိတာ" ဟု ဖယ်ဖယ်ခါခါကလေး ငြင်းလိုက်၏။

ထိုအခိုက်မှာပင် ဓာတ်တိုက်ထားသည့်နှယ် ဒေါ်ငွေညွန့်၏ တူမ

mgyoe.com

mgyoe.com


ဆိုသူ မမသိန်း ရောက်လာကာ–

"လာဟော့… ညီမလေး၊ ဈေးဘက် ခဏသွားရအောင်၊ ဖေဖေက ကိတ်မုန့်အဝယ်ခိုင်းလို့"ဟု ပြောပြောခေါ်ခေါ် လက်မောင်းကလေး တစ်ဖက်ကို ဆုပ်ကိုင်ရင်း ခေါ်နေသောကြောင့်…

"အေး… အတော်ပဲ၊ ကဲ…. သိန်းသိန်းရေ ဟောဒီညော့သည် ပြန်တော့မှာမို့ ဘာဖြစ်ဖြစ်ပေါ့ကွယ်၊ လက်ဆောင်ပေးရအောင်၊ တစ်ခုခု ဝယ်ခဲ့စမ်းပါကွယ်…နော်"

ဒေါ်ငွေညွန့်လည်း သို့ပြောရင်းက ၁၀ တန်တစ်ရွက် ထုတ်ပေးလိုက်၏။ သို့နှင့် မကြာမီပင် သိန်းသိန်းနှင့် မလှတင့်တို့လည်း အထက်ပိုင်း ကမ်းနားလမ်းအတိုင်း ဈေးဘက်သို့ လျှောက်လာကြသည်ကို တွေ့ရတော့၏။

ထိုအချိန်၌ မောင်ညွန့်မောင်မှာ ကိုအောင်မြတ်တို့ လက်ဖက်ရည်ဆိုင်တွင်ပင် ထိုင်လျက်သား ရှိနေသေး၏။ အချိန်ဆွဲ၍ တစိမ့်စိမ့်သောက်နေသောကြောင့်လား မသိ၊ ပန်းကန်ထဲတွင် အေးစက်နေပြီဖြစ်သော လက်ဖက်ရည်သည် တစ်ဝက်နီးပါး ကျန်ရှိနေသေး၏။

စကားတပြောပြောနှင့် လျှောက်လာကြသော မလှတင့်တို့လည်း ဈေးအနီးသို့ ရောက်သည်နှင့်…

"ကဲ… ညီမလေးရေ၊ ဘယ်အရင်သွားမလဲ၊ ကိတ်မုန့် အရင်သွားဝယ်မလား၊ ညော့သည်အတွက် လက်ဆောင်ပေးဖို့ ငါးခြောက်အရင်ဝယ်မလား" သိန်းသိန်းက မေးလိုက်သည်ကို–

"သဘောလေ၊ မမသိန်း ဝယ်ချင်တာ ဝယ်ပေါ့" ဟု မလှတင့်က ခပ်အေးအေးပင် အဖြေပေးလိုက်၏။

"ကဲ… ဒါဖြင့်လည်း ကိုသိန်းတို့ဆိုင်က ကိတ်မုန့်ပဲ အရင်သွားဝယ်ရအောင်နော်၊ နောက်မှ ငါးခြောက်ဝယ်ပြီး ကူလီနဲ့ တစ်ခါတည်း

mgyoe.com

mgyoe.com


ပြန်ကြတာပေါ့"

"ကောင်းသားပဲ"

ဤအစီအစဉ်ဖြင့် လျှောက်လာကြသည့်အချိန်၌ မောင်ညွန့်မောင်သည် ကျန်သေးသော လက်ဖက်ရည်ကို တစ်ဝက်မျှ မော့လိုက်၏။ နောက် ဆေးပေါ့လိပ်တစ်လိပ်ထုတ်၍ မီးညှိကာ ဖြတ်သန်းသွားလာနေသူများအား ဂရုတစိုက်ကြည့်လျက်ရှိ၏။

"ဒါနဲ့ မမသိန်း သွားဝယ်မယ့် ကိတ်မုန့်ဆိုင်က ဘယ်နားမှာလဲ ဟင်"

ဈေးတံခါးပေါက်တစ်ခုသို့ အရောက်တွင် မလှတင့်က မေးလိုက်သဖြင့်...

"အိုအေ... ဟိုတစ်ခါ လက်ဖက်ရည်ကောင်းတယ် ဆိုပြီး တို့နှစ်ယောက် ဝင်သောက်တဲ့ ကိုအောင်မြင့်တို့ဆိုင်လေ၊ အဲဒါ မှတ်မိတယ် မဟုတ်လား"

"သြော်... အင်း... သိပြီ သိပြီ"

"အေး... အဲဒီဆိုင်ဘေးက ကိုသိန်းတို့ဆိုင်မှာ ဝယ်မလို့၊ ရန်ကုန်လာတဲ့ ကိတ်မုန့်မျိုးစုံ အဲဒီဆိုင်မှာမှ ရတယ်ကွဲ့။ မုန့်ကြွပ်ကအစ ရှိတယ်၊ သိပ်စုံတာပဲ"

"ဒီလိုဆို ဟန်ကျတာပေါ့နော်"

သို့တပြောပြောနှင့် လျှောက်လာကြသည့်အချိန်၌ မောင်ညွန့်မောင်သည် ကိုအောင်မြတ်တို့ဆိုင်တွင် ထိုင်လျက်သားပင် ရှိနေသေး၏။ ခေါင်းငိုက်စိုက်နှင့် ငိုင်နေသော အသွင်မျိုးမဟုတ်၊ ဖြတ်လျှောက်သွားသူ ဟူသမျှကို မလွတ်တမ်း အကဲခတ်လျက်ရှိနေ၏။ သိန်းသိန်းပြောသည့် ကိုသိန်းတို့ မုန့်ဆိုင်ဘက်သို့လည်း မျက်နှာမူ၍ ထိုင်နေသောကြောင့် အခြေအနေမှာ အတော်ကလေး စိုပြည်နေပြီဖြစ်၏။

mgyoe.com

mgyoe.com


မလှတင့်တို့ ထိုမုန့်ဆိုင်ထဲ ဝင်လိုက်သည်နှင့် မောင်ညွန့်မောင်၏ ဆုတောင်းပြည့်တော့မည်မှာ မြေကြီးလက်ခတ်မလွဲ သေချာလှတော့၏။

ရှေးဦးစွာ ကိတ်မုန့်ဝယ်မည်ဟူသော အစီအစဉ်ဖြင့် လျှောက်လာကြသော သိန်းသိန်းတို့လည်း အဆိုပါ ကိတ်မုန့်ရှိသည့် ဒုတိယလမ်းဘက်သို့ ချိုးအကွေ့လိုက်တွင်မှ...

"ဟော... ခုမှ သတိရတယ်။ ပေါင်ဒါဘူး ဝယ်မယ် ဝယ်မယ်နဲ့ဟာ မေ့မေ့သွားတယ်။ လာပါ မမသိန်း ပေါင်ဒါဘူး ဝင်ဝယ်ချည်ကြဦးစို့"

ပြောပြောဆိုဆို သိန်းသိန်း လက်တစ်ဖက်ကိုဆွဲရင်း မလှတင့်က အလှကုန်တန်းဆီသို့ ခြေဦးလှည့်လိုက်သောကြောင့် သိန်းသိန်းတွင်လည်း မငြင်းမပယ် အလွယ်နှင့်ပင် လိုက်ပါသွားတော့၏။

အလှကုန်ဆိုင်သို့ ရောက်သော်လည်း ပေါင်ဒါဘူးကိစ္စမှာ တော်တော်နှင့်မပြီး၊ သုံးကျပ်နှင့် သုံးကျပ်ခွဲ လွန်ဆွဲသလို ဈေးဆစ်နေကြပြန်၏။

ထိုအချိန်၌ မောင်ညွန့်မောင်သည် ပန်းကန်ထဲမှ လက်ဖက်ရည်ကို အကုန်အစင် မော့ချကာ လေးလေးတွဲ့တွဲ့ကြီး ထရပ်လိုက်၏။ ဘယ်ပြန် ညာပြန် ခါးကိုနှံ့၍ ခပ်နွဲ့နွဲ့ အညောင်းဆန့်လိုက်ပြီးမှ လက်ဖက်ရည်ဖိုး ထုတ်ပေးရင်း လေးလေးလံလံ လှည့်ထွက်သွားတော့၏။

"ကဲ... မမသိန်း လာ၊ သုံးကျပ်တစ်မတ်မှ မရလည်း မဝယ်တော့ဘူး၊ သွားမယ်"

မလှတင့်လည်း ပေါင်ဒါဘူးကို ဈေးဆစ်မရနိုင်သည်နှင့် စိတ်မရှည်တော့သလိုပြောရင်း နှစ်ယောက်သား လှည့်ထွက်လာခဲ့ကြပြီးနောက် တစ်မိနစ်ခွဲလောက်တွင်ပင် ကိုသိန်းတို့ မုန့်ဆိုင်သို့ ရောက်လာကြတော့၏။

ဤအချိန်၌ ဤမုန့်ဆိုင်နှင့်ကပ်လျက်ဖြစ်သော ကိုအောင်မြတ်

mgyoe.com

mgyoe.com



လက်ဖက်ရည်ဆိုင်တွင် မောင်ညွန့်မောင် မရှိတော့ပြီ။ အကယ်၍သာ မလှတင့် ပေါင်ဒါဝင်ဝယ်ရန် သတိမရခဲ့သော် သူ အလွန်ချစ်မြတ်နိုး လှသော မောင်ညွန့်မောင်နှင့် တွေ့ဆုံမိကြမည်သာ ဖြစ်၏။

"ညည်း ခွကျတဲ့ ကောင်မလေးပဲ၊ ပိုက်ဆံလေး တစ်မတ်လောက် ကွာတာပဲဟာ။ လိုချင်လည်း ဝယ်လိုက်တာမဟုတ်ဘူး" ဟု သိန်းသိန်း က မုန့်ဝယ်ရင်း အပြစ်တင်လိုက်သည်ကို...

"ဟုတ်ဘူး မမသိန်းရဲ့၊ ပိုက်ဆံတစ်မတ်ကို ကျွန်မက နှမြောလို့ မဟုတ်ဘူး။ လူကြီးကိုက ကတ်သတ်လွန်းလို့..."

ဤလို ပြောဆိုနေကြသည့်အခိုက် မောင်ညွန့်မောင်သည် သူ တည်းခိုရာ စာတိုက်ဟောင်းလမ်းဆီသို့ ဦးတည်လျှောက်လျက်ရှိနေ၏။

"ကတ်သတ်တယ်ရယ် ဘယ်ဟုတ်မလဲညီမရဲ့၊ သူလည်းမရောင်း နိုင်လို့ ဖြစ်မှာပေါ့။ မမသိန်းတို့နဲ့ မျက်နှာသိချင်းတွေပဲ။ သူ ပိုပြောပါ့ မလား၊ ခုတော့ အားနာစရာ"

သိန်းသိန်းက သို့ပြောရင်း မျက်နှာမကောင်းသလို ဖြစ်သွားသော ကြောင့်...

"ဒါဖြင့်လည်း ဝယ်လိုက်မယ်လေ၊ ရော့ ပိုက်ဆံ မမသိန်းပဲ သွား ဝယ်ပေးပါတော့။ ကျွန်မ မလိုက်ချင်တော့ဘူး"ဟု ပြောပြောဆိုဆို ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သဖြင့်–

"အေး... ငါ့ညီမ ဒီမှာပဲ စောင့်နေ ကိုသိန်းရေ၊ ဟို... မုန့်ကြွပ် အတောင့်ကလေးလည်း ငါးဆယ်သားလောက် ချိန်ထားလိုက်ပါနော်"

သိန်းသိန်းသည် ဤလို တစ်ဆက်တည်းမှာရင်း စောစောက အလှကုန်ဆိုင်ဆီသို့ လှမ်းထွက်သွား၏။ သို့နှင့် မရှေးမနှောင်းမှာပင်...

"ဒီမှာ ဦးလေး၊ ခုန ကျွန်တော် လက်ဖက်ရည်ဖိုး ပေးသွားတာ မှားနေတယ်။ ကြက်ဥမုန့်ဖိုး မပေးခဲ့မိဘူး မေ့သွားလို့"

mgyoe.com

mgyoe.com


ထိုအသံသည် ကိုအောင်မြတ် လက်ဖက်ရည်ဆိုင်ဆီမှ ပေါ်ထွက်လာသဖြင့် ရည်ရွယ်ချက်ပင် မရှိသော်လည်း လူ့သဘာဝအတိုင်း မလှတင့်သည် အသံလာရာ ထိုဆိုင်ဘက်ဆီသို့ အမှတ်မထင် လှည့်ကြည့်လိုက်မိ၏။

မောင်ညွန့်မောင်ကလည်း လိုနေသော ကြက်ဥမုန့်ဖိုးကို လှမ်းပေးနေရာမှ တစ်ဖက်ဆိုင်ရှိ မလှတင့်ကလေးကို သမင်လည်ပြန် လှည့်ကြည့်လိုက်၏။ အားမရသေးသလိုဖြင့် တပ်ထားသော နေရောင်ကာမျက်မှန်ကိုပါ ဖြုတ်၍ စူးစူးစိုက်စိုက် ကြည့်လိုက်မိမှ နှစ်ယောက်စလုံး အံ့အားသင့်ကာ မချင့်မရဲကြီး ငေးနေမိကြ၏။

ဤသို့ အရေးအခင်းမျိုးနှင့် ကြုံလာတိုင်း ဖြတ်ထိုးဉာဏ်တွင် ယောကျ်ားထက် မိန်းမက အမြဲသာလေ့ရှိတတ်သည့် ဓမ္မတာအတိုင်း မလှတင့်သည် မုန့်ဆိုင်ရှင်အား တစ်ချက်မော့်ကြည့်ရင်းက...

"မုန့်ချိန်ထားနှင့်ပါနော်၊ ကျွန်မ ဟိုလိုက်သွားချည်ဦးမယ်" ဟု ပြောပြောဆိုဆို ဆိုင်ထဲမှလှမ်းထွက်ရင်း မောင်ညွန့်မောင်အား မျက်ရိပ်ပြသွား၏။ မောင်ညွန့်မောင်ကလည်း ဖျတ်လတ်စွာပင် မလှတင့်နောက်မှ မယောင်မလည် လိုက်သွား၏။

ဈေးပြင်ဘက်သို့ ရောက်သည်နှင့် မောင်ညွန့်မောင်က မလှတင့်အနီးသို့ ချဉ်းကပ်ရင်း...

"တင့် လာ လာ၊ ကမ်းနားဘက်ကို သွားရအောင်။ ခပ်သုတ်သုတ်လာ" ဟု ပြောလိုက်ပြီးမှ ခပ်ခွာခွာလျှောက်သွားကာ မကြာမီ သင်္ဘောဆိပ်နှင့် မလှမ်းမကမ်းရှိ တဲတစ်လုံးအတွင်းသို့ မောင်ညွန့်မောင်က ရှေ့ဆောင် လှမ်းဝင်သွားသကဲ့သို့ မလှတင့်လည်း ဝင်ရောက် ပျောက်ကွယ်သွားတော့၏။

*

mgyoe.com

mgyoe.com



ပေါင်ဒါဘူးကလေးကိုင်ရင်း တစ်လှမ်းချင်း လျှောက်လာသော သိန်းသိန်းသည် မလှတင့်တစ်ယောက် မုန့်ဆိုင်ထဲမှ ပျောက်ခြင်းမလှ ပျောက်နေသည်ကို သိလိုက်ရသည်နှင့် မျက်လုံးကလေး ဝိုင်းသွားကာ အူယားဖားယားနှင့် ဆိုင်ရှင် ကိုသိန်းအား အရေးတကြီး မေးမြန်းမိသည် ကအစ ဒေါ်ငွေညွန့်ရော ဒေါ်ရွှေမြင့်အပြင် သိန်းသိန်းတို့ မိဘများပါ မကျန် ဂါတ်တိုင်သူတိုင်၊ ဘိုကလေးမြို့အနှံ့ ပိုက်စိပ်တိုက် ရှာသူ ရှာနှင့် အကြီးအကျယ် ဗျာများနေကြခိုက်ဝယ်...

ရွက်ကိုလည်း ထူ၊ လက်ကပါ ကူရင်း ကျိုက်လတ်ဘက် တူရူသို့ တကျိုကျို တကြုကြု လှော်ခတ်သွားသော ထင်းသမ္ဗန်တစ်စင်းပေါ်ရှိ ပေါင်းထဲတွင်မူ မောင်ညွန့်မောင်နှင့် မလှတင့်တို့သည် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာဖက်လျက်သား ပါသွားကြပြီဖြစ်၏။

သို့သော် သူတို့ မပျော်နိုင်၊ အလွန်လျှင်စိုးရိမ်သော အသွင်ဖြင့် မကြည်မလင် တုန်လှုပ်နေကြရှာ၏။

"အေးပေါ့ကွာ၊ ကြံကြံဖန်ဖန် ကံဆုံချင်လို့ မင်းတို့နဲ့ ဘကြီးတို့ လာတွေ့ကြရတာပေါ့လကွာ"

သမ္ဗန်ခတ်နေသူ လူကြီးသည် သို့လျှင် ပေါင်းထဲရှိ မလှတင့်တို့ အား လှမ်း၍ စကားစလိုက်ပြီးမှ ဆက်လက်ကာ...

"ဘကြီးတို့လည်း ရန်ကုန်တက်ပြီး ထင်းရောင်းဖို့ထွက်လာကြ တာ။ ဒီဘိုကလေးမှာ ညအိပ်ရင်း သူခိုး ခိုးခံရတာနဲ့ ရှိတာကလေး ကုန်ပါရော။ ကုန်တက်ဖို့ဆိုတာ ဖယ်ထား၊ ကိုယ့်ရွာ ကိုယ်ပြန်ဖို့တောင် စားစရိတ်အတွက် ခက်နေတုန်း၊ ငါ့တူတို့နဲ့ လာတွေ့ရတော့ နတ်မ သလိုပဲ၊ ဘကြီးဝမ်းသာသွားတယ်"

ဘကြီးသည် ရုတ်တရက် စကားကိုဖြတ်ကာ ရွက်ကြိုးကိုကိုင်၍ လှုပ်ယမ်းလိုက်ပြီးမှ...

mgyoe.com

mgyoe.com



"ငါ့တူရော တူမပါ ဘာမှမကြောက်ကြနဲ့၊ ကြားလား။ ရန်ကုန်အရောက် ဘကြီးတို့သမ္ဗန်နဲ့ပဲ လိုက်ခဲ့ကြ။ သင်္ဘောနဲ့ပြန်ရင် မတော်တဆ မိချင်မိဦးမယ်။ သမ္ဗန်နဲ့ဆိုတော့ ဘယ်သူမှ သိပ်ဂရုစိုက်ကြမှာမဟုတ်ဘူး၊ ဟုတ်ကဲ့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ယခုမှပင် အားတက်လာသလို မောင်ညွန့်မောင် အဖြေပေးဖော်ရတော့၏။ မလှတင့်ကလည်း မသိမသာ ပြုံးနိုင်လာ၏။

"အေး... ကြောက်တော့ လုံးလုံးမကြောက်ကြနဲ့ကွာ၊ ဘကြီးတို့အသက်နဲ့လဲပြီး စောင့်ရှောက်မယ် သိလား။ ဘကြီးမိန်းမကလည်း သတ္တိမနည်းဘူးကွ။ ဓားတစ်လက်သာ သူ့လက်ထဲရှိရင် ယောက်ျားသုံးယောက်လောက်တော့ တယ်မဖြုံဘူးကွ"

ဘကြီး ဤသို့ ပြောလိုက်သည်နှင့် မောင်ညွန့်မောင်တို့လည်း သမ္ဗန်ဦးတွင် ဇရက်သီးထောင်းနေသော အဒေါ်ကြီးအား ပြိုင်တူလိုပင် လှမ်းကြည့်မိကြ၏။ တောင့်တင်းသန်မာလှသော အဒေါ်ကြီးကို ကြည့်ရင်းလည်း တစ်အားတက်သွားမိကြ၏။

"ဟဲ... ဟဲ... ဒီလောက်သတ္တိကောင်းတဲ့ ဘကြီးတို့လင်မယားဟာ ဘိုကလေးရောက်တဲ့ ညမှာပဲ မောမောနဲ့အိပ်လိုက်တာ ရှိတာကလေးကုန်ပါရော။ သူခိုးခိုးလို့။ ဒါနဲ့ ပါသမျှထင်းတွေ ဘိုကလေးမှာပဲ ချရောင်းမယ်တော့ စိတ်အကူးသား။ သူတို့ပေးတဲ့ဈေးနဲ့ဆို ရွာပြန်ရင် ကြွေးတင်ရုံပဲ ရှိမှာကွ။ ဒါနဲ့ ကြံရာမရဖြစ်နေတုန်း ဖိုးသာညွှင်းက မောင်တို့အကြောင်း လာပြောရင်း ခေါ်သွားလိုက်ပါဆိုလို့"

မလှတင့်တို့လည်း ဘကြီး၏စကားတွင်သာ စိတ်ဝင်တစား နားစွင့်နေကြ၏။

"ဒါနဲ့ ဘကြီးလည်း သိပ်ဝမ်းသာသွားမိတယ်ကွ။ ဖိုးသာညွှင်းက

mgyoe.com

mgyoe.com


တော့ ပြောပါတယ်။ မောင့်ဆီမှာ ငွေ ၅၀ လောက် ပါတယ်တဲ့။ ရှိတာ အကုန်ပေးပါမယ်လို့ မောင်က ပြောသဆို"

"ဟုတ်ကဲ့၊ ပြောပါတယ်။ ဘကြီးကို ၅၀ ပေးပါ့မယ်။ ကျွန်တော်တို့ကိုသာ ရန်ကုန်အရောက်..."

"နို့... ရန်ကုန်ရောက်တော့ ခရီးထပ်ဆက်ရဦးမှာ မဟုတ်လားကွဲ့။ ဘကြီးကို ငါးဆယ်စလုံးပေးလိုက်တော့ မင်းတို့မှာ ဘယ်ကျန်တော့မလဲ"

"ကိစ္စမရှိပါဘူး။ ကျွန်မလက်ကောက်ကိုပေါင်ပြီး လမ်းစရိတ်လုပ်သွားလို့ ဖြစ်ပါတယ်"

သွက်လက်စွာပင် မလှတင့်က ဝင်၍ပြောလိုက်သောကြောင့်...

"ဘကြီးတို့က ဒီလို မဟုတ်ပါဘူးကွယ်။ အမှန်အတိုင်းဆိုရင် စေတနာနဲ့တောင်ကူညီရမှာပါ။ မတရားလည်းမစားချင်ပါဘူး။ အများဆုံး သုံးညအိပ်ဆို ရန်ကုန်ရောက်မှာပဲ။ မင်းတို့ ငွေ ၅၀ လည်း မလိုချင်ပါဘူးကွာ။ လမ်းမှာ ထမင်းကလေး မှန်မှန်စားသွားရ ပြီးတာပါပဲ။ ဘကြီးတို့နှစ်ယောက်နဲ့ မောင်တို့လင်မယား အဲလေ... မောင်တို့ သမီးရည်းစားနှစ်ယောက်..."

"မောင်တို့ လင်မယား" ဟူသော စကားကို ကြားလိုက်သည်နှင့် မလှတင့်တို့တွင် ဖြုန်းခနဲ ကြက်သီးမွေးညင်း ထသွားကြတော့၏။ တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်ရင်း အမျိုးအမည်မသိသော အရသာတစ်ခုကို အလုအယက်ခံစားလိုက်မိဟန် အသွင်သဏ္ဍာန်သည်လည်း သူတို့နှစ်ယောက်စလုံး၏ မျက်နှာတွင် သိသိသာသာ ပေါ်လွင်နေ၏။

"အေးပေါ့ကွာ၊ တို့တူဝရီးလေးယောက် အကောင်းဆုံးဟင်းနဲ့ချည်းစားသွားကြဦး၊ သုံးလေးရက်မှာ ၁၀ ထက် ပိုမကုန်ပါဘူးကွာ။ အရေးကုန် ၁၅ ကျပ်ပေါ့"

mgyoe.com

mgyoe.com


တဖြည်းဖြည်း မှောင်စပြုလာပြီဖြစ်၏။ သို့... နေဝင်စပြုလာလေ ဒေါ်ငွေညွန့်လူသိုက် ဗျာများလေ၊ ရဲဘက်ဆိုင်ရာတို့လည်း အလုပ်ရှုပ်လာလေဖြင့် အတော်ကလေး ယောက်ယက်ခတ်နေကြ၏။

ည ၉ နာရီ၊ ၁၀ နာရီလောက်အထိ ရဲအရာရှိများသည် မြို့တွင်း၊ မြို့ပြင် တဲစုတ်ပါမကျန် မွေလှန်၍ ရှာနေကြ၏။ သင်္ဘောဆိပ်အနီးရှိ ဖိုးသာညွှန့်ဆိုသူတို့ တဲအတွင်း၌လည်း ရဲအရာရှိအချို့သည် လေသံအမျိုးမျိုးဖြင့် စစ်ဆေးမေးမြန်းလျက်ရှိရာ၌ ဖိုးသာညွှန့်တို့၏ "မလာပါဘူး၊ မသိပါဘူး" ဟူသော တစ်သမတ်တည်း ငြင်းဆိုချက်ကြောင့် စိတ်ပျက် လက်လျှော့သွားကြရတော့၏။

ကြည်ကြည်လင်လင်နှင့် စင်စင်ဖြူဖြူ သာနေသော ဆန်းစရက်၏ လရောင်အောက်ဝယ် ဘကြီးတို့၏သမ္ဗန်ကြီးသည် မြင်းကကုန်းဆီသို့ တလွန့်လွန့် ရွေ့လျားလျက်ရှိ၏။ ယခုမှပင် တစ်ယောက်ကို တစ်ယောက် အသက်ပေးချစ်ကြသော မောင်ညွန့်မောင်နှင့် မလှတင့်ကလေးတို့တွင် စိတ်အေးလက်ချ ပေါင်းထဲမှထွက်ကာ သမ္ဗန်ဦးပိုင်းတွင် ဘေးချင်းယှဉ်ထိုင်ရင်း ပတ်ဝန်းကျင်၏သာယာမှုတွင် သူတို့၏ ပျော်ရွှင်မှုကိုပါရောလျက် ဖောဖောသီသီကြီး ကြည်နူးနေမိကြတော့၏။

❖

mgyoe.com

mgyoe.com



စာရှုသူ ဖတ်၍ပြီးဆုံးခဲ့ပြီဖြစ်သည့် **"ချစ်သောမေတ္တာ"** ဝတ္ထုတိုကလေးကို ပြန်လှန်တွေးတော လေ့လာကြည့်လျှင် ဇာတ်လမ်း၊ ဇာတ်ကွက် ဟူ၍လည်း မည်မည်ရရမရှိ။ ချစ်ခန်း၊ ကြိုက်ခန်းလည်း များများစားစားမပါသော သာမန်ဝတ္ထုကလေးမျှသာ ဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။

သို့သော် အချစ်ပါသည်၊ မပါသည်၊ ဇာတ်လမ်း၊ ဇာတ်ကွက် ကောင်းသည်၊ မကောင်းသည် (ဝါ) စာရှုသူအား ထိုဝတ္ထုက ဆွဲဆောင်သွားသည်၊ မသွားသည်က တစ်ကိစ္စ ဟူသည့် သဘောကို ရှင်းပြလို၍ အထက်ပါဝတ္ထုကိုမှရွေး၍ ရေးသားလိုက်ခြင်း ဖြစ်၏။

စာရှုသူတို့တွင် အမျိုးမျိုးအစားစား ကွဲပြားနေကြ၏။ အချို့က ဇာတ်လမ်းကို အဓိကထား၍ ဖတ်လိုက်၊ အချို့က သဘာဝကိုလည်းကောင်း၊ အချို့က အဖွဲ့အနွဲ့ကိုလည်းကောင်း၊ အချို့ကမူ မှတ်သားလောက်သည်၊ သင်ခန်းစာ စသဖြင့် မိမိတို့သန်ရာ (ဝါ) လိုလားနှစ်သက်ရာကို ရွေး၍ဖတ်တတ်ကြ၏။

မည်သို့ဖြစ်စေ ဆွဲဆောင်မှုရှိသော စာပေကို နှစ်သက်ရာ၌မူ စာရှုသူတို့တွင် အကြိုက်ချင်းတူညီကြသည်သာ ဖြစ်သည်ဟု ဆိုလို၏။ စုန်းကဝေဝတ္ထုမှ ကြိုက်သူဖြစ်စေ၊ စုံထောက်ဝတ္ထုကိုမှ နှစ်သက်သူဖြစ်စေ၊ အချစ်နှင့် သင်ခန်းစာပါသော စာပေဝတ္ထုကိုမှ အရသာခံတတ်သူပင် ဖြစ်စေ စိတ် **"ဆွဲဆောင်မှု"** မရှိသော

mgyoe.com

mgyoe.com


စာဆိုလျှင် ဖတ်ရင်းပင် ပျင်းရိလာတတ်ကြ၏။

တစ်ဖန် စာရှုသူသည် ဝတ္ထုဖတ်ရင်းက ၎င်းတို့ဖတ်နေသည့် ဝတ္ထုဇာတ်လမ်းကို ကြိုတင်၍တွေးတတ်ကြ၏။ "အင်း... ကောင်မလေးအဖေတော့ အလုပ်ပြုတ်ဦးမှာ ထင်ပါရဲ့" ဟု စာရှုသူက တွေးနှင့်ထားခိုက် ဝတ္ထုထဲတွင်လည်း ထင်သည့်အတိုင်း ကောင်မလေးဖခင် အလုပ်ပြုတ်သွားသော် ထိုဝတ္ထုကို စိတ်ဝင်စားတော့မည် မဟုတ်ပါပေ။

အထက်ပါ **ချစ်သောမေတ္တာ** ဝတ္ထု၌ မောင်ညွန့်မောင်နှင့် မလှတင့်တို့ ဘိုကလေးမြို့ တစ်နေရာရာတွင် အမှန်မုချ တွေ့ရလိမ့်မည်ဟု စာရှုသူသည် တွေးထားကောင်း ကြိုတင်တွေးထားပေလိမ့်မည်။ သို့သော် စာရှုသူက "တွေ့ကြတော့မည်" ဟု ထင်နေသည့်နေရာတွင် တွေ့မပေးဘဲ စာရှုသူ မမျှော်လင့်တော့သည့် (ဝါ) စိတ်ပျက်သွားသည့် အချိန်တွင်မှ စာရေးသူသည် ချစ်သူနှစ်ဦးအား ဘွားခနဲ တွေ့ပေးလိုက်၏။

ဤသည်မှာ စာရေးသူတို့အနေဖြင့် အကင်းပါးစွာ လှည့်စားရသည့် အချက်ကလေးများ ဖြစ်၏။ စာရှုသူသည် အကယ်တိ စာရေးဆရာတစ်ယောက် ဖြစ်လိုအံ့၊ ဤအကွက်မျိုးကို အထူးသတိထားရန် လိုပေလိမ့်မည်။ စာရှုသူသည် စာဖတ်ပရိသတ်အနေဖြင့် ဇာတ်ကြောင်းကို ကြိုတင်သိနေသော ဝတ္ထုကို မဖတ်ချင်၊ စိတ်မဝင်စားချင်သကဲ့သို့ စာရေးဆရာအဖြစ် ရေးသားသောအခါတွင်လည်း မိမိရေးသော အချက်အလက်နှင့် အကွက်အခန်းများကို ဖတ်သူမရိပ်မိအောင် လှည့်တတ်ရပေလိမ့်မည်။

အထက်တွင် ဥပမာပေးခဲ့သည့်သဘောမျိုး "ကောင်မလေးအဖေတော့ အလုပ်ပြုတ်ဦးမှာ ထင်ပါရဲ့" ဟု စာဖတ်ပရိသတ်

mgyoe.com

mgyoe.com


က ကြိုတင်တွက်ထားမည့် ဇာတ်ကွက်မျိုးကို အဆွေ ရေးမိနေသည်ဖြစ်က ထိုအချက်ကို နက်နဲစွာ သတိထားရပေလိမ့်မည်။ ဤကဲ့သို့ ကောင်မလေးအဖေသည် အလုပ်မပြုတ်ဘဲနှင့် ဇာတ်ကွက်မထိ၊ မပြည့်စုံ၊ အလုပ်ပြုတ်မှပင် ဇာတ်နာမည်ဆိုက ကောင်မလေးအဖေကို ချက်ချင်း အလုပ်ပြုတ်မသွားစေဘဲ စာဖတ်ပရိသတ်က အလုပ်ပြုတ်လိမ့်မည်ဟု ကြိုတွက်ထားသည်ကို လမ်းလွှဲပစ်ရန် ကောင်မကလေးအဖေအား ရုတ်တရက် ရာထူးတိုးတက် ခန့်ထားလိုက်ရသည့် အဖြစ်သို့ရောက်အောင် ဖန်တီး၍ ဇာတ်ကွက်ကို လှည့်ပစ်လိုက်ရပေလိမ့်မည်။

သို့မှသာ စာဖတ်ပရိသတ်သည် "ဟင်" ခနဲ အံ့အားသင့်ကာ "ဘယ်လိုပါလိမ့်" ဟူသော သိချင်ဇောဖြင့် ရှေ့သို့မဲ၍ ဖတ်ရှုပေလိမ့်မည်။ တစ်ဖန် ၎င်းတို့က ကောင်မလေးအဖေ အလုပ်ပြုတ်ရန် အကြောင်းမရှိတော့ဟုတွေးကာ စိတ်အေးအေးနှင့် ဖတ်နေသည့် အချိန်လောက်ရောက်မှ အလုပ်ဖြုတ်လိုသော် ဖြုတ်လိုက်နိုင်၏။ စာဖတ်သူသည် ဤတွင်လည်း "ဟင်" ခနဲ ဖြစ်သွားပေလိမ့်မည်။

သို့သော်... အကောင်းဆုံးနည်းကား စာဖတ်ပရိသတ်က (အလုပ်ပြုတ်မည်) ဟု တွက်ထားရန် အကြောင်းရှိသည့် ဇာတ်ကွက်မျိုးကို ရေးမိချေသော် စောစောက ဖော်ပြသကဲ့သို့ ရာထူးတိုးပေးပြီးမှ အလုပ်ပြုတ်ရခြင်းထက် ကောင်မလေးအဖေ ကိုယ်၌က အလုပ်ဆက်မလုပ်နိုင်အောင် ဝေဒနာတစ်ခု ဖြစ်ပေါ်လာသည့်သဘောမျိုးဖြစ်စေ၊ အလုပ်ဆင်းရန်အသွား ဘတ်စ်ကားပေါ် အတက်တွင် လူအပေါ်မရောက်မီ ဘတ်စ်ကားက ဆောင့်ထွက်လိုက်သောကြောင့် ကားပေါ်မှ လွင့်စဉ်ကျသဖြင့် ဦးခေါင်း

mgyoe.com

mgyoe.com


တွင် ပြင်းထန်သောဒဏ်ရာ ရသွားသည်။ သို့မဟုတ် ခြေလက် အင်္ဂါတစ်ခုခု ချို့ယွင်းသည် စသဖြင့် စာဖတ်ပရိသတ် တွေးမည်မဟုတ်သည့်အဖြစ်မျိုး ဖန်တီးပေးနိုင်လျှင် အကောင်းဆုံး ဖြစ်၏။

ဆိုလိုသည်ကား ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် ဇာတ်ကောင်များကို အကြောင်းပြု၍ စာဖတ်ပရိသတ်က ကြိုတင်တွေးထားလိမ့်မည်ထင်သော အချက်အလက်များကို တတ်နိုင်သမျှ လှည့်ထားရန်ပင် ဖြစ်၏။ ရှင်းရှင်းဆိုရသော် စာရေးသူသည် စာဖတ်သူကို အမြဲတမ်း နိုင်နေရမည်ဖြစ်၏။

မိမိရေးလိုက်သော ဝတ္ထုတစ်ပုဒ်ကို စဖတ်သည်မှ ဆုံးသည်အထိ စာဖတ်ပရိသတ်အား နည်းပရိယာယ် အသွယ်သွယ်ဖြင့် ဆွဲဆောင်ခေါ်ငင်သွားတတ်ရမည် ဖြစ်၏။ သို့မှလည်း ဖတ်သူက စိတ်ဝင်စားစွာ သဲသဲမဲမဲ ဖတ်မည်ဖြစ်၏။ ဤလိုမဟုတ်ဘဲ မိမိရေးသော ဇာတ်ကွက်မှာ စာဖတ်ပရိသတ် ကြိုတင်တွက်ထားသည့်အတိုင်း အစွန်းအစ၊ အရိပ်အယောင်ပေါ်နေလျှင် (ဝါ) ၎င်းတို့ထင်သည့်အတိုင်း ကွက်တိမှန်နေလျှင် ထိုဝတ္ထုကို စိတ်ဝင်စားမည် မဟုတ်ရုံသာမက ဝတ္ထုရေးသူကိုပါ အထင်သေးသွားတတ်၏။

အထက်ပါ **"ချစ်သောမေတ္တာ"** ဝတ္ထုမှာ ယခုဆိုခဲ့သည့် သဘောများကို ပြလိုသောကြောင့် အလွယ်ဆုံးနှင့် အရှင်းဆုံးသော ဝတ္ထုတိုကလေးအဖြစ် ရေးလိုက်ခြင်းဖြစ်၏။ စာရေးသူသည် ထိုဝတ္ထုတွင် မလှတင့်ကပေးသော စာကလေးဖြင့် ဝတ္ထုစလိုက်၏။ အဘယ်ကြောင့် ဤစာဖြင့်စသနည်း။ အဖြေမှာ စာပါအကြောင်းအရာသည် သာမန်ရိုးရိုးနှင့် အေးအေးဆေးဆေး

mgyoe.com

mgyoe.com


ရေးလိုက်သော စာမျိုးမဟုတ်ဘဲ သမီးရည်းစားတို့အဖို့၌ အရေး အကြီးဆုံးသော အချိန်မျိုးတွင်သာ ပေးသည့်စာအဖြစ် အထိတ် တလန့် ပူပန်စရာများဖြင့် တန်ဆာဆင်ထား၏။

စာဖတ်ပရိသတ်သည် ထိုဝတ္ထုအစကို ဖတ်ရှုလိုက်ရသည် နှင့် အနည်းနှင့်အများ စိတ်ဝင်စားလိမ့်မည်ဟု စာရေးသူ ယုံ ကြည်၏။ စင်စစ် ထို မလှတင့် ရေးလိုက်သော စာမှာ သာမန် အားဖြင့်ဆိုသော် ဆန်းကြယ်လှသည်မဟုတ်။ သူ့အား ခိုးလှည့် ပါ၊ မခိုးလျှင် တစ်ယောက်နှင့်တစ်ယောက် ဝေးကြရလိမ့်မယ်" ဟူသော အကြောင်းအရာသာလျှင် အဓိက ဖြစ်ပါ၏။

သို့သော် စာဖတ်ပရိသတ်အနေဖြင့်ကား ထိုစာတွင်ပင် အရင်းခံထား၍ ဤချစ်သူနှစ်ဦး၊ မည်သို့ မည်သို့ စွန့်စားကြ လေမည်နည်း။ အခက်အခဲပေါင်းစုံဖြင့် ကြုံတွေ့ကြရဦးမည် လော၊ ခိုးမှ ခိုးဖြစ်ကြပါမည်လား၊ ခိုးဖြစ်သည့်တိုင်အောင် အနှောင့်အယှက်ကင်းကင်းနှင့် ပေါင်းသင်းခွင့်ရမည်လော စသဖြင့် တသီကြီး တွေးကောင်း တွေးပေလိမ့်မည်။

သို့မဟုတ် မောင်ညွန့်မောင် ဘိုကလေးမြို့ ရောက်နေပြီး ဈေးတစ်ဝိုက်တွင် လမ်းသလားရင်း တစ်စုံတစ်ယောက် ရှာနေ သည့်အခန်းကို ဖွင့်၍လည်း ဝတ္ထု စ,နိုင်၏။ ဤလိုအခန်းဖြင့် စခဲ့သော် မောင်ညွန့်မောင်သည် ထိုလက်ဖက်ရည်ဆိုင် ထိုင် လိုက်၊ ဤလက်ဖက်ရည်ဆိုင် ထိုင်လိုက်ဖြင့် စိတ်သောကရောက်နေ သည့်အသွင်ကို ဖော်ပေးရန် လို၏။ စာတွင်ပါသည့် အကြောင်း အရာကို ချန်လှပ်ထားရပေမည်။ သို့မှသာ စာဖတ်ပရိသတ်သည် (ဘာစာပါလိမ့်) ဟူသော သိချင်ဇောဖြင့် ရှေ့သို့ မဲ၍ ဖတ်ပေလိမ့် မည်။

mgyoe.com

mgyoe.com


နောက် ရှစ်ရက်မြောက်သောနေ့လောက်တွင်မှ မောင်ညွန့်မောင်သည် စက်ဘီးစီးလာရင်း သဆော်ဆိပ်အနီးရှိ တဲတစ်ခုရှေ့တွင် ကစားနေသော ကလေးတစ်ယောက်ကို ဝင်တိုက်မိရာမှ ကလေး၏ဖခင်ဖြစ်သူ ဖိုးသာညွင်းက မောင်ညွန့်မောင်အား ဒေါသတကြီး ပါးရိုက်လိုက်၏။ သို့သော် မောင်ညွန့်မောင်က ပြန်၍ခုခံခြင်း မပြုဘဲ...

"ရိုက်ပါခင်ဗျာ၊ ဦးလေးကျေနပ်အောင်ရိုက်ပါ။ ကျွန်တော်ခံပါ့မယ်။ ဒါ ကျွန်တော့်အပြစ်ပါပဲ"

မောင်ညွန့်မောင်က သွေးသံရဲရဲဖြင့် မေးစေ့ကွဲသွားသော ကလေးကို ကြည့်ရင်း ဤသို့ပြောလိုက်သဖြင့် ဖိုးသာညွင်းတွင် ဒေါသပြေသွားသည့် သဘောမျိုး ဖန်တီးကာ မောင်ညွန့်မောင်ကလည်း ကလေးကို ဆေးရုံသို့ပို့ပေးပြီး ကုန်ကျစရိတ် ဆေးဖိုးကို တာဝန်ယူလျက် ဤသည်မှ မိတ်ဆက်မိကာ–

"အမှန်ကတော့ ကျွန်တော် စက်ဘီးမစီးတတ်လို့ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်ဟာ ချစ်ဒုက္ခသည်ပါ၊ ချစ်စိတ်မွှန်ပြီးငေးလာရာက ခုလို တိုက်မိသွားတာပါ"

ဖိုးသာညွင်းတို့ မိသားစုနှင့် ရင်းနှီးခင်မင်သွားသည့် တစ်နေ့တွင် မောင်ညွန့်မောင် ဤလို စကားစလျက် သူ အမြဲထုတ်၍ ဖတ်လေ့ရှိသော မလှတင့်စာကို ဖိုးသာညွင်းတို့အား ဖတ်ပြရင်းကမှ စာရသည့်နေ့ အဖြစ်အပျက်ကို ပြန်ပြောပြသည့် အကွက်မျိုးဖြင့်လည်း တစ်ဘာသာထွင်၍ ရေးနိုင်၏။

မောင်ညွန့်မောင်က မလှတင့်ကို ရှာရာ၌ တွေ့လွဲ လွဲသွားသည့်အကွက်ကလေး သုံးလေးကွက်ကို ကလောင်ဝါသနာအိုးတို့ လွယ်လွယ်သဘောပေါက်စေရန် ရိုးရိုးကလေး လှည့်ပြလိုက်

mgyoe.com

mgyoe.com



ခြင်း ဖြစ်၏။ ဝတ္ထုဆိုသည်တွင် ပရိသတ်ကို လှည့်နိုင်သမျှ လှည့်စားနိုင်လေ ရေးသူက တစ်ပန်းသာလေပင် ဖြစ်၏။

တစ်ဖန် ၎င်း **"ချစ်သောမေတ္တာ"** ဝတ္ထုတိုကလေးကို ဝတ္ထုရှည်ကြီးအဖြစ် ချဲ့လိုကလည်း ချဲ့နိုင်သေး၏။ ထိုဝတ္ထုတွင် မောင်ညွန့်မောင် တည်းခိုသောအိမ်မှ အိမ်ရှင်များအကြောင်း သော်လည်းကောင်း၊ မောင်ညွန့်မောင်နှင့် စကားပြောကြသည့် အခန်းသော်လည်းကောင်း စာရေးသူ လုံးဝ ထည့်မထားခဲ့ပေ။ ဝတ္ထုရှည်ရေးမူ ထိုအိမ်ရှင်များအကြောင်းကို ချဲ့ရေးနိုင်၏။ အထူးသဖြင့် ထိုအိမ်တွင် မလှတင့်နှင့် သူနိုင် ငါနိုင်၊ လှပသော မိန်းမပျို တစ်ယောက်ရှိသည့်အနေမျိုး ဖန်တီးပေးလိုက်ပြီး ထိုအိမ်ရှင်သမီးကလေးကို မောင်ညွန့်မောင်က ပို၍မျက်စိကျသွားသယောင်လည်း ချဲ့နိုင် လှည့်နိုင်၏။

ထို့ပြင် မောင်ညွန့်မောင်နှင့် မလှတင့်တို့ ဘကြီး၏သမ္ဗန်နှင့် ထွက်ပြေးခဲ့ကြစဉ် လမ်းခရီး၌ ရဲဘက်မှ မော်တော်တစ်စင်း အပြင်းလိုက်လာပြီး ဘကြီးတို့သမ္ဗန်ကို ရပ်တန့်ရှာဖွေရာ၌ မလှတင့်ကလေးတို့အား ထင်းများဖြင့်ဖုံး၍ အဘယ်မျှ ဒုက္ခခံ၍ ပုန်းခဲ့ရပုံစသဖြင့်လည်း ချဲ့နိုင်၏။

မြင်းကကုန်းမြို့ အရောက်တွင် ညအိပ်ကြမည်ဖြစ်၍ ဘကြီးနှင့် သူ့ဇနီးတို့လည်း သမ္ဗန်နှင့် မလှမ်းမကမ်းတွင် နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်ကြသည်ကို ဖော်ပြလျက်...

(ဘကြီးနှင့် သူ့ဇနီးတို့ တိုင်ပင်ကြပုံမှာ အတော်ကလေးထူးခြား၏။ ဘာတွေတိုင်ပင်ကြသည်မသိ၊ အကောင်းသော၊ အဆိုးလော ဟူ၍လည်း အကဲခတ်၍မရ၊ မှောင်ရိပ်ကျနေသော

mgyoe.com

mgyoe.com



ကြောင့် သူတို့၏မျက်နှာထား အမူအရာကို မမြင်နိုင်...)

(မောင်ညွန့်မောင်နှင့် မလှတင့်တို့မှာမူ ဆိပ်ကမ်းတွင် ကပ်ဆိုက်ထားသည်ဖြစ်၍ လှုမြင်မခံဝံ့သေး။ ပေါင်းထဲတွင်ပင် အသင့်ပြင်ပေးထားသော ဖျာကြမ်းကလေးပေါ်၌ မျက်နှာချင်း ဆိုင်ခွေရင်း အကြည်ဆိုက်ကာ အကြိုက်တွေ့နေကြ၏။)

(ကမ်းစပ်မှောင်ရိပ်ရှိ တစ်ခုသော ကုက္ကိုပင်အောက်ဝယ် ဘကြီးတို့သည် ယခုထိ တိုးတိုးတိတ်တိတ်ကျိတ်၍ တိုင်ပင်ဆဲ ရှိသေး၏။ အကယ်၍ သူတို့တိုင်ပင်နေကြသော စကားသည် ရိုးရိုးသားသားဖြစ်ပါလျှင် မိမိတို့သမ္ဗန်ပေါ်၌ပင် ပြောဆိုခြင်းက ပို၍မလျော်ကန်ပါသလော...)

(ယခုမူ လူခြေတိတ်၍ အသွားအလာ ဆိတ်နေပြီ ဖြစ်သော မှောင်ရိပ်၌ အဘယ်ကြောင့် ကျိတ်၍တိုင်ပင် ပြောဆိုနေရ ပါသနည်း။ တွေးစရာကား ရှိ၏။ မောင်ညွန့်မောင်တွင် ငွေ ၅၀ ကျော်ပါလျက် မလှတင့်တွင်လည်း စိန်ရွှေလက်ဝတ် လက်စား သုံးလေးထောင်ဖိုးထက်မနည်း ဝတ်ဆင်ထား၏။ အကယ်၍ ဘကြီးတို့သာ ကြံလိုက ယခုညတွင်းချင်းပင် သမ္ဗန် ဆက်ထွက် ပြီး လူသူမနီးသောအရပ်ရောက်မှ သူတို့နှစ်ယောက် လုပ်ကြံ ကာ ပါသမျှပစ္စည်းများကိုယူ၍ မလှတင့်တို့ ချစ်သူနှစ်ယောက် အလောင်းကို ထင်းခြမ်းများနှင့် ပါလာသည့်ထင်းတုံးများဖြင့် ချည်နှောင်ကာ ရေလယ်တွင် ပစ်ချလိုက်က လုံးလုံးလျားလျား အစပျောက်သွားနိုင်၏။

ဘကြီးမိန်းမက ဓားတစ်လက်သာရှိပါစေ၊ ယောကျ်ား သုံး ယောက်လောက်တော့ တယ်ဖြုံတာမဟုတ်ဘူးကွဲ့၊ အင်မတန် သတ္တိကောင်းတယ်ဟူသော ဘကြီး၏စကားအရတွေးလျှင် သူ

mgyoe.com

mgyoe.com



တို့ တီးတိုးတိုင်ပင်နေသည်မှာ မောင်ညွန့်မောင်တို့အား လုပ်ကြံ လုယူရေးကိစ္စလောဟု စောကြောတွက်ဆ သံသယဖြစ်နိုင်စရာ ရှိ၏။

(လူသည် အဘယ်မျှ ရိုးသားသည်ဖြစ်စေ ငွေနှင့်ပတ်သက်လာလျှင် ဖောက်ပြန်တတ်၏။ **လွယ်လျှင် သူကြွယ်လည်း မရိုး**ဟူသော စကားသည် မြန်မာတွင် ဆိုရိုးရှိ၏။ အနုကြမ်းစီးရန်မလို၊ အေးအေးကလေး လုပ်ကြံရုံမျှဖြင့် ငွေသုံးထောင်မျှ ခပ်လွယ်လွယ်ရမည်ဆိုလျှင် ဘကြီးတို့ သမာဓိရှိနိုင်ပါမည်လော။)

(ဆယ့်သုံးလေးမိနစ်နီးပါး တိုင်ပင်ဆွေးနွေးပြီးမှ ဘကြီးတို့ ဇနီးမောင်နှံသည် တစ်စုံတစ်ရာကို တိတိကျကျ ဆုံးဖြတ်ချက် ချလိုက်ပြီးသကဲ့သို့ သင်ပစ်အောက်မှ ရုတ်တရက် ထလာကြ၏။ အလွန်ညင်သာသော ခြေလှမ်းဖြင့် သမွန်ပေါ်သို့ ကူးတက်လိုက်ပြီးမှ ပေါင်းထဲသို့ အသာငုံ့ကြည့်လိုက်ကာ...)

"ဩ... ငါ့တူတို့ မအိပ်သေးဘဲကိုး" ဟု လှမ်းနှုတ်ဆက်ရင်း ဘကြီးသည် သူ့ဇနီးဘက်လှည့်ကြည့်ရင်း ပြုံးပြလိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း မျက်လုံးတွေ ကြောင်နေတာနဲ့..." ဟူသော မောင်ညွန့်မောင်စကား မဆုံးသေးမီပင်...

"အေးပေါ့ကွာ၊ ဟဲ... ဟဲ..." ဟု အဓိပ္ပာယ်ပါပါ ရယ်လိုက်ပြီးမှ...

"ကဲ... ကဲ... ငါ့တူရော တူမကြီးပါ စိတ်ချလက်ချသာ အိပ်ကြနော်။ ဘာမှမကြောက်ကြနဲ့၊ ကြားလား။ အကြောင်းရှိရင် ဘကြီးရေလို့သာ လှမ်းအော်လိုက်နော်"

"ဟင်... ဘကြီးတို့ ဒီသမွန်မှာ မအိပ်ဘူးလား"

"ကိစ္စမရှိဘူး၊ ဘကြီးတို့ ဟိုဘက်သမွန်မှာ အိပ်ဖို့ပြောခဲ့

mgyoe.com

mgyoe.com


ပြီးပြီ"

ထိုအချိန်၌ အဒေါ်ကြီးသည် စောင်တစ်ထည် နံငယ်ပိုင်းတစ်ခုနှင့် ဘကြီးလုံချည်ဟောင်းတစ်ထည်ကို လုံးထွေးယူငင်၍ ဝါးဖျာစုတ်ကလေးတစ်ချပ်နှင့်အတူ ထရပ်လိုက်၏။

"ဒီမှာပဲ အိပ်ကြရောပေါ့ ဘကြီးရာ၊ နေရာတွေ အရှိသားနဲ့ဟာပဲ"

"ဟ… ဘကြီးက လူတစ်မျိုးကွဲ့၊ လူသူစိမ်းတွေ အနားမှာရှိရင် မအိပ်တတ်ဘူး" ဟု ပြောရင်း သူ့အဓိပ္ပာယ်နှင့်သူ ပြုံးမိပြီးမှ…

"ကဲ… ကဲ… စိတ်ချလက်ချ အိပ်ကြပေတော့ ဟုတ်လား"

ထိုစကားနှင့် ပြိုင်တူလိုလိုပင် ဘကြီးတို့ဇနီးမောင်နှံလည်း သမ္ဗန်ပေါ်မှ ဆင်းထွက်သွားကာ စောစောက ကုက္ကိုပင်အောက်သို့ လှမ်းဝင်သွားကြ၏။ ဝါးကြောဖျာကလေးကို ခင်း၍ နှစ်ယောက်စလုံး ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"တစ်ည နှစ်ညတော့ ဒီလိုပဲ ဒုက္ခခံပြီး အိပ်လိုက်ကြတာပေါ့ကွာ နော်။ ကုသိုလ်ရပါတယ်" ဟု ဘကြီးက စကားစလိုက်သည်နှင့် အဒေါ်ကြီးလည်း နံငယ်ပိုင်းနှင့် လုံချည်ကို ဖျာပေါ်တွင် အညီအမျှ ဖြန့်ခင်းနေရာမှ ဆတ်ခနဲလှည့်ရင်း…

"တော်စမ်းပါတော် ကလေးကလား စကားတွေ"

"အေးပေါ့ကွာ၊ မင်းတို့၊ ငါတို့က အသက်ကြီးကြပြီကိုး။ ကလေးကလား ဖြစ်ချင်ဖြစ်နေမှာပေါ့။ ဒါပေမဲ့ ကောင်မလေးနဲ့ ကောင်လေးကတော့ တို့ကို သိပ်ကျေးဇူးတင်မှာ သိလား"

"တော်တော့လား၊ ဟင်း… ဒီလိုကိစ္စမျိုးဆိုရင် ကိုယ့်ထမင်းထုပ်နဲ့ ကိုယ်လိုက်ပြီးကူညီချင်တဲ့လူ၊ ကဲ… အိပ်တော့"

mgyoe.com

mgyoe.com


(ဤတွင်မှ ဘကြီးတို့ စောစောက တိုင်ပင်ကြသည်မှာ ဤကိစ္စပါကလားဟု အထင်မှားချက်ကို ပြန်ရုပ်သိမ်း၍ လက်အုပ်ချီရင်း ကျေးဇူးဆပ်သင့်လောက်အောင်ပင် အလိုက်သိတတ်သော ဘကြီးမျိုး ဖြစ်နေသည်ကို တွေ့ရတော့၏။)

အစရှိသဖြင့်လည်း ကိုယ်ကျွမ်းကျင်သလို ဇာတ်ကွက်ကို ရှည်အောင် ဆန့်ထုတ်နိုင်၏။ ထို့ပြင် မောင်ညွန့်မောင်တို့ချစ်သူ နှစ်ဦးသည် ရန်ကုန်ရောက်သည်နှင့် ထိုမှတစ်ဆင့် နေရင်းမြို့သို့ လျှို့ဝှက်စွာပြန်သွားပြီး လျှော်ဝါရုပ်ဆိုင်ရှင်၏ အကူအညီဖြင့် အုတ်ကြွပ်တန်းအိမ်တွင် ပုန်းအောင်းခိုလှုံနေပြီးမှ လူကြီးချင်း စေ့စပ်ဇာတ်ပေါင်းကလည်း ဖြစ်နိုင်၏။

သို့မဟုတ် ထို့ထက် ဇာတ်ကွက်ရှည်လိုသေးက မောင်ညွန့်မောင်တို့သည် ရန်ကုန်ရောက်သော်လည်း မြို့ပေါ်မတက်ဝံ့။ ဘိုကလေး ရဲဘက်မှ သတင်းပို့ထားချက်အရ ရန်ကုန်ရဲက ဖမ်းဆီးမည်ကို စိုးရိမ်သောကြောင့်ဟူသည့် အကြောင်းပြချက်ဖြင့် သမ္ဗန်ပေါ်တွင်ပင် ဘကြီးတို့၏ သားသမီးများ ဟန်ဆောင်ကာ တောသူတောင်သား အဝတ်အစားများဖြင့် နေထိုင်ကြသည်ကို စိတ်ဝင်စားဖွယ်ရော ပျော်ရွှင်စရာပါ ဖွဲ့နိုင်သေး၏။

နောက်ဆုံးတွင် မလှတင့်တို့၏ မိဘများက (သမီးတို့၏ ချစ်ခြင်းကို မခွင်းပါ။ သမီး ကျေနပ်သလို ဖြစ်စေရပါစေမည်။ ရောက်ရာအရပ်က ပြန်လာပါ) ဟူသော ကြေညာချက်ဖြင့် ပြန်ခေါ်ရသည်တွင် ဇာတ်ပေါင်းနိုင်၏။

ဤသည်တို့မှာ စာရေးသူ တွေး၍ရသမျှ မြင်သမျှကို အကြမ်းအားဖြင့် တင်ပြလိုက်ခြင်းသာ ဖြစ်၏။ စာရှုသူကမူ ထိုထက်ပိုကောင်းသော အကွက်မျိုး တွေ့ကောင်းတွေ့ပေလိမ့်

mgyoe.com

mgyoe.com


မည်။ စင်စစ်သော်ကား ယင်းအချက်အလက်နှင့် အကွက်ကလေး
များမှာ သဘောသိရုံမျှသာ ဖြစ်၏။ ရေးစမ်းကြည့်ပါ၊ ကြိုးစားပါ၊
သဘောသိလျှင် အလွန်လွယ်သည်သာ ဖြစ်၏။

❖ ❖ ❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အပါတို့ မေ

မတ်လ နွေရာသီကျောင်းပိတ်ရန် နှစ်ပတ်မျှသာ လိုတော့သည့် အချိန်တွင် ရန်ကုန်မြို့ရှိ တစ်ခုသော အထက်တန်းကျောင်းတစ်ကျောင်း အတွင်း၌ အသက် ၃၀ ထက် ပိုဖွယ်ရာမရှိသော မိန်းမရွယ်တစ်ဦး သည် ငါးနှစ်သားအရွယ် ကလေးငယ်လေးကို လက်တွဲဆွဲခေါ်လာရင်း ယောင်ချာချာဖြစ်နေ၏။

ကျောင်းမှာ မျက်နှာဖြူ သာသနာပြုများ အုပ်ချုပ်သည့်ကျောင်း ဖြစ်လျက် ကြည့်ရသည်မှာ အတော်ကလေး စည်းကမ်းစနစ်ကျနသည့် လက္ခဏာကိုတွေ့ရပြီး အဆောက်အအုံရော အပြင်အဆင်ပါ သပ်ရပ် ခံ့ညားလှသဖြင့် ကျောင်းကိစ္စအဝဝဖြင့် ဝင်လာသူအပေါင်းတို့အား အဟန့်ကောင်းစွာ ကျက်သရေဆောင်သည့်နှယ် ထည်ထည်ဝါဝါ ရှိလှ တော့၏။

ကလေးတစ်ဦး၏ လက်ကိုဆွဲ၍ ထိုအခန်းထဲဝင်ရမလို ဤအခန်း ဝင်ရမယောင်ဖြင့် အမ်းကြောင်ကြောင် ဖြစ်နေသလောက် အခြားသော

mgyoe.com

mgyoe.com


မိန်းမရွယ်ကြီးငယ်တို့မှာမူ ဤကျောင်းကိစ္စ၌ လေးစပ်ကလည်းလာသူများပမာ ဟိုဝင် သည်ထွက်ဖြင့် ယောက်ယက်ခတ်နေကြတော့၏။

လက်ရှိ ရန်ကုန်လူဦးရေမှာ စစ်မဖြစ်မီခေတ်ကထက် ကြောက်မက်ဖွယ်ရာ ပြွတ်ကျပ်နေသည်နှင့်အမျှ ကျောင်းသားဦးရေသည်လည်း အဆမတန် တိုးတက်လာ၏။ ကျောင်းသားများပြီး ကျောင်းရှားနေသော ခေတ်လိုဖြစ်နေသည့်အလျောက် နဂိုကတည်းက အသင်အပြ ကောင်းသည်ဟု နာမည်ကြီးခဲ့သော ထိုကျောင်းတွင် ကျောင်းအပ်လိုက နွေရာသီကျောင်းရက်ရှည်မပိတ်မီ တစ်လလောက်က ကြိုတင်၍ စာရင်းသွင်းကြရ၏။

ယနေ့လည်း နှစ်စဉ်နှစ်တိုင်းကဲ့သို့ပင် ကျောင်းထဲ၌ ကျောင်းအပ်လိုသော ကျောင်းသားမိဘများဖြင့် ခြေချင်းလိမ်နေ၏။ ဤကျောင်းကိစ္စ၌ ကျွမ်းကျင်ပြီး ဖြစ်ဟန်တူသော ကျောင်းသားမိဘတို့မှာမူ လွယ်လွယ်ကူကူနှင့် ကိစ္စပြီးသွားကြလျက် အချို့တွင် အတော်ကလေး ခဲရာခဲဆစ်စုံစမ်း ပြေးလွှားနေကြဆဲပင် ရှိနေသေး၏။

စောစောက ယောင်ချာချာ မိန်းမရွယ်တွင်သော်ကား မည်သို့မည်ပုံ စုံစမ်းအပ်နှံရမည်ပင် လုံးဝ သိဟန်မတူ၊ အခန်းတစ်ခန်းတွင်းသို့ဝင်မေးမည်လုပ်တိုင်း သူ့ထက် လျင်မြန်ပါးနပ်သူက ဆတ်ခနဲ လှမ်းဝင်သွားတတ်သဖြင့် ထိုမိန်းမရွယ်တွင် မယောင်မလည် ပြန်ထွက်ခဲ့ရပြန်၏။

ထိုထို ကျောင်းအပ်သူတို့အထဲတွင် ကျောင်းသားဖခင်ထက် ကျောင်းသားမိခင် ပရိသတ်က ဦးရေပို၍များ၏။ လူတန်းစားလည်း မျိုးစုံအောင်ပါ၏။ တရုတ်၊ ကုလားနှင့် အင်္ဂလိပ်များကိုလည်း တွေ့ရ၏။ စစ်ဝတ်စုံနှင့် ဗိုလ်ကြီးများလည်း ပါ၏။

အချို့ကလည်း မိမိတို့ဘာသာကြိုးစား၍ ဖျတ်လတ်စွာ မေးမြန်း

mgyoe.com

mgyoe.com



လုပ်ဆောင်နေကြလျက် အချို့ကမူ ကျောင်းအပ်ရေးကိစ္စအတွက် နီးစပ်ရာ ဆရာမများထံ အသနားခံကြ၏။

ကျွန်ုပ်တို့၏ စောစောက မိန်းမရွယ်မှာမူ ယခုတိုင် ယောင်လည်လည်ပင် ရှိနေရှာသေး၏။ သို့နှင့် မတတ်သာသည့်အဆုံး၌ သူသည် အခြားသော ခပ်သွက်သွက်ကျောင်းသား မိခင်တစ်ဦးထံသို့ ချဉ်းကပ်သွား၏။

“ဒီမှာရှင် တစ်ဆိတ်လောက် မသိလို့မေးပါရစေ၊ ကျွန်မသားလေး ကျောင်းအပ်ချင်လို့”

“အဲဟိုဘက်မှာ မေး”

မိန်းမရွယ်က စကားမဆုံးသေးမီပင် ခပ်သွက်သွက်ကျောင်းသား မိခင်က ခပ်ဆတ်ဆတ်ပြောရင်း မျက်နှာလွှဲသွားသောကြောင့် ကျွန်ုပ်တို့၏ မိန်းမရွယ်တွင် ပို၍ပင် သနားဖွယ်မျက်နှာကလေး ညှိုးသွားရှာ၏။

သို့နှင့် ထိုအခန်း သည်အခန်း ဥဒဟို ဝင်ထွက် လမ်းသလားနေသူ အမျိုးသမီးကြီး တစ်ယောက်ဆီသို့ လှမ်းသွားပြီး မရဲတရဲ မေးရပြန်တော့၏။ သို့သော် သူ့အတွက် အဖြေစကားဆို၍ ဘာတစ်ခွန်းမျှ ပြန်မရ။ ထိုအမျိုးသမီးသည် အခြားသောကျောင်းသားမိခင် အချို့ဖြင့် ပါတိတ်လုံချည်အကြောင်း စကားလက်ဆုံကျနေ၏။ ကျွန်ုပ်တို့မိန်းမရွယ် မေးသည်ကိုလည်း မကြားဟန်ပြုနေ၏။

ထိုမှ ဤမှ သွားလာနေသော ဆရာနှင့်တူသူ တစ်ယောက်စ နှစ်ယောက်စကို တွေ့ရစေကာမူ သူတို့ကိစ္စဖြင့်သူတို့ အလုပ်ရှုပ်နေဟန်ရှိသောကြောင့် သူတို့၏ ခပ်သုတ်သုတ်သွားလာနေမှုကို ရပ်တန့်၍ မေးရမည်ကို ကျွန်ုပ်တို့ မိန်းမရွယ်က အားနာနေဟန်တူ၏။

မတတ်သာသည့်အဆုံးတွင်မှ ရုတ်တရက် ဖြတ်လျှောက်လာ

mgyoe.com

mgyoe.com



သော ဂါဝန်ဝတ် အင်္ဂလိပ်ကပြား ဆရာမတစ်ဦးအား မလွဲသာနှင့်ပင် မေးမြန်းရရှာတော့၏။ ဆရာမကလည်း တိုတိုနှင့် လိုရင်းကို ရှင်းပြော ရင်း သိမ်မွေ့စွာပင် အခန်းတစ်ခုဆီသို့ လက်ညှိုးညွှန်လိုက်၏။

ဤတွင်မှ ကျွန်ုပ်တို့ မိန်းမရွယ်လည်း သားငယ်ကို ဆွဲရင်း ထို အခန်းဆီသို့ လှမ်းလာခဲ့၏။ အခန်းတွင်းရော အခန်းပြင်ပါ ကျောင်း သားမိဘ အတော်များများဖြင့် ရှုပ်ယှက်ခတ်နေပြန်သောကြောင့် ခပ်ခွာ ခွာတွင်ရပ်ရင်း လူအရှင်းကို စောင့်နေရပြန်၏။

ထိုကျောင်းသားသစ် စာရင်းသွင်းရာ အခန်းတစ်ဝိုက်တွင် စောင့် နေကြသော ကျောင်းသားမိခင်များအနက် ၁၀ ယောက်တွင် ရှစ်ယောက် လောက်သည် အထက်တန်း ရာထူးရှင်ကြီးတို့၏ သားမယားများသော် လည်းကောင်း၊ သူဌေးကတော်များသော်လည်းကောင်း ဖြစ်လိမ့်မည် ထင်ရ၏။ ဆင်ယင်ဝတ်စားထားသည်တို့မှာ ကျွန်ုပ်တို့ မိန်းမရွယ်ထက် အစစအရာရာသာ၏။

ကျွန်ုပ်တို့ မိန်းမရွယ်မှာမူကား အခြားသောကျောင်းသား မိခင်တို့ ကဲ့သို့ နိုင်လွန်အကောင်းစားကို ဝတ်ဆင်နိုင်ဟန်မတူ၊ ပဒုမ္မာအကျီ ကလေးဖြင့်သာ တွေ့ရ၏။ ၃၀ မှ ၆၀ တန်အထိသော ပါတိတ်လုံချည် များ အလယ်တွင် မိန်းမရွယ်သည် အများဆုံး ၁၀ ထက်ပို၍မတန်သော တိုဘရယ်ကိုးလုံချည် အဆင်ရိုးရိုးကလေးသာ ဝတ်ဆင်ထား၏။

သူ၏သားကလေးမှာလည်း ထို့အတူ ပေါ်ပလင်ရှပ်၊ ကင်းပတ် ဖိနပ်အဖြူနှင့် ကာကီဘောင်းဘီကလေးသာ အဆင်ပြေရုံ ဝတ်ထား၏။

သူတို့ ဤရုံးခန်းအနီး ရောက်နေသည်မှာ ၈ မိနစ်ခန့် ရှိသွားပြီ ဖြစ်သော်လည်း သူ့ထက် လျင်သူမြန်သူများသာလျှင် တစ်ယောက်ပြီး တစ်ယောက် ဝင်သွားကြ၏။ သူ့တွင်မူ အရိပ်အကဲကြည့်ရင်းဖြင့်သာ အချိန်ကုန်နေတော့၏။

mgyoe.com

mgyoe.com


ထိုအခိုက်တွင် ဝဝတုတ်တုတ် အသားညိုညို မိန်းမရွယ်တစ်ဦးသည် ခြောက်နှစ်သားခန့်အရွယ် ကလေးငယ်တစ်ယောက်ကို လက်ဆွဲရင်း ခပ်သုတ်သုတ် ရောက်လာ၏။ ရုံးခန်းအနီးသို့ ရောက်သည်ဆိုလျှင်ပင် ထိုမိန်းမရွယ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မေးမြန်းစုံစမ်းခြင်း မရှိဘဲ ဆိုးဆိုးဆတ်ဆတ်နှင့် ရုံးခန်းဝတွင်ရပ်နေသော အခြားအမျိုးသမီးများကို ညင်သာစွာ တိုးဖယ်ရင်း စွတ်ခနဲ လှမ်းဝင်သွား၏။

သူဌေးကတော်၊ အရာရှိကတော်ဂိုက် ဖမ်းနေသော အဆိုပါမိန်းမတစ်သိုက်လည်း သာမန်အောက်တန်းစား မိန်းမတစ်ယောက်က သူတို့အား တိုးဝှေ့ဝင်သွားရပါမို့လားဟူသော မျက်နှာထားမျိုးဖြင့် မကျေမနပ် တီးတိုးရေရွတ်နေကြ၏။ မှန်၏။ သူတို့ထင်သကဲ့သို့ပင် သူတို့အား တိုးဝှေ့ဝင်သွားသူ ခပ်ဝဝအမျိုးသမီးသည် လေးငါးကျပ်တန် လင်မနစ်လုံချည်နှင့် အပေါစား ရှန်သားအင်္ကျီမျှသာ ဝတ်ဆင်နိုင်ရှာသူ ဖြစ်၏။

သူတို့ပခုံးကို ထိသွား၊ တိုးသွားသည်ဖြစ်၍ လက်ကိုင်ပဝါကလေးဖြင့် ဖုန်ခါသလို ခါသူက ခါလျက် "ပေများသွားသလား" ဟူသောမျက်နှာပေးဖြင့် စောင်းငဲ့ကြည့်သူက ကြည့်၊ ပွစိ ပွစိ ပြောဆိုရေရွတ်နေကြ၏။

"ဘယ်လိုအစားထဲကလဲ သိပါဘူးရှင်။ လက်မောင်းကို အောင့်သွားတာပဲ။ တိုးသွားလိုက်တာ" ဟု ပိုသူက ပိုနေလျက်...

"အိမ်မှာသာဆိုရင် ကျွန်မတော့ ဒီအင်္ကျီကို ချက်ချင်း ချွတ်လဲပစ်လိုက်မှာပဲ၊ ဟုတ်တယ်" ဟူ၍ မဲ့ကာရွဲ့ကာနှင့် ပြောသူကလည်း ပြောနေ၏။

ထိုစကားများကို နားထောင်ရင်း ကျွန်ုပ်တို့မိန်းမရွယ်ကမူ မသိမသာ ပြုံးနေမိ၏။ သွက်သွက်လက်လက်နှင့် ခေါင်းတုံးပေါ် ထိပ်ကွက်

mgyoe.com

mgyoe.com


သွားသော ထိုခပ်သုတ်သုတ်အမျိုးသမီး၏ ရဲရင့်ဖျတ်လတ်မှုကိုလည်း အတော်ကြီး သဘောကျနေဟန် ရှိ၏။

လေးငါးမိနစ်လောက်အတွင်းမှာပင် စောစောကအမျိုးသမီးလည်း တည်ခုံသောဣန္ဒြေဖြင့် မှင်သေသေ လှမ်းထွက်လာသည်၌ အခန်းဝမှ မိန်းမတစ်စုလည်း အလုအယက် လမ်းဖယ်ပေးလိုက်ကြ၏။ ရွံမုန်းသော မျက်နှာထားများဖြင့်လည်း မဲ့မဲ့ရွဲ့ရွဲ့ ကြည့်နေကြ၏။

ထိုအမျိုးသမီးလည်း ရုံးခန်းဝမှ မိန်းမတစ်သိုက်ကို ကျော်လွန်လာခဲ့၍ ခပ်လှမ်းလှမ်းတွင် ရပ်နေသော ကျွန်ုပ်တို့ မိန်းမရွယ်အနီးသို့ ရောက်သည်နှင့် ရုတ်တရက် ကိုယ်ရှိန်သတ်ကာ မိန်းမရွယ်ရှေ့ခပ်မှန်မှန် ချဉ်းကပ်လာ၏။ စောစောကတည်းက သဘောကျနေသော ကျွန်ုပ်တို့ မိန်းမရွယ်လည်း ဣန္ဒြေရရပင် ကြည့်နေရာမှ အနီးသို့ ရောက်လာသည်နှင့် ကြည်ကြည်လင်လင်ကလေး ပြုံးပြလိုက်၏။

"ဩော်... ကျောင်းလာအပ်တယ် ထင်ပါရဲ့"

ထိုအမျိုးသမီးကပင် စတင်၍မေးလိုက်၏။ သူ့မျက်နှာထားသည် ပြောင်ပြောင်လက်လက် ဝတ်စားထားသူ မိန်းမအုပ်စုရှေ့မှ ဖြတ်လာခဲ့စဉ်လို တည်တည်တင်းတင်း မဟုတ်တော့ဘဲ အလွန်ချိုသာ ရွှင်ပျသော အသွင်ကိုဆောင်လျက် ရှိသည်ကို တွေ့ရ၏။

"ဟုတ်ကဲ့၊ ဟောဒီ ကျွန်မသားလေးအတွက် စာရင်းသွင်းဖို့ လာတာပါပဲ။ ဒါပေမဲ့..."

"အို... ဒီလိုစောင့်လို့ ဘယ်ရမလဲ။ လာ... လာ... ကျွန်မ လိုက်လုပ်ပေးမယ်" ဟု တိုတိုတုတ်တုတ်ပင် ပြောလိုက်ပြီးမှ သူဆွဲလာသော ကလေးငယ်အား ငုံ့ကြည့်ရင်း...

"အမောင်... မင်း ဒီမှာရပ်နေနော်၊ ဘယ်မှ မသွားနဲ့၊ ကြားလား။ ဒေါ်လေး ခုပြန်လာခဲ့မယ် နော်" ဟု ပြောပြောဆိုဆို ကလေးကို အုတ်

mgyoe.com

mgyoe.com


နံရံဘေးတွင် ကပ်၍ရပ်နေစေပြီးမှ ကျွန်ုပ်တို့မိန်းမရွယ်နှင့် ကလေးကို တွဲခေါ်ကာ စောစောက အမူအရာအတိုင်းပင် ဆိုးဆိုးဆတ်ဆတ် လှမ်းဝင်သွားပြန်၏။

ဤအကြိမ်တွင်မူ ၁၀ မိနစ်ခန့်ကြာ၏။ အောင်မြင်ထမြောက်လာသည့် လက္ခဏာဖြင့် ထွက်လာကြသော သူတို့သုံးယောက်လည်း မူလနေရာသို့ ရောက်သည်နှင့် စောစောကထားခဲ့သော ကလေးကို လက်တစ်ဖက်ဖြင့် အသာအုပ်ကိုင်လိုက်ရင်းက...

"ကဲ... ကျွန်မတို့ အပေါ်ထပ်ကို သွားစရာကလေးရှိသေးတယ်။ ရှင်တို့ ပြန်ချင် ပြန်ကြပေတော့နော်" ဟု ခပ်တုတ်တုတ်အမျိုးသမီးက ခပ်သုတ်သုတ် ပြောလိုက်သဖြင့်...

"သြော်... ဟုတ်ကဲ့၊ နို့ ရှင်က ကိစ္စပြီးရင် ဘယ်ပြန်ရမှာလဲဟင်"

"ကျောက်မြောင်း၊ သီတာလမ်းမှာ နေပါတယ်။ ကဲ... ကဲ... နောက်မှ တွေ့ကြသေးတာပေါ့၊ သွားမယ်။ ဟော့... အပါရေ... အန်တီကို မှတ်ထားနော်" ဟု ကျွန်ုပ်တို့ အမျိုးသမီး၏သားငယ်ကိုပါ နှုတ်ဆက်ရင်း ခြေလှမ်းပြင်လိုက်သည်နှင့်...

"သြော်.... ဒါနဲ့၊ ဒီကနာမည်က ဘယ်လိုခေါ်ပါလိမ့်" ကျွန်ုပ်တို့ မိန်းမရွယ်က အလောတကြီး လှမ်းမေးလိုက်၏။

"ခင်  ခင် တဲ့။ ကဲ... သွားမယ် အပါတို့အမေ..."

မခင်ခင် အမည်ခံ ထိုဝဝဖိုင့်ဖိုင့် အမျိုးသမီးလည်း ထိုမျှသာဖြေရင်း ခပ်သုတ်သုတ် လှည့်ထွက်သွားတော့၏။

အပါတို့မေ ဟူ၍ မခင်ခင်၏ ကင်ပွန်းတပ်သွားခြင်း ခံရသော ကျွန်ုပ်တို့ မိန်းမရွယ်လည်း လိုရင်းကိုသာ တိုတိုပြောပြီး လိုရင်းကိစ္စအတွက် ပျာပျာသလဲထွက်သွားသူ မခင်ခင်အား နောက်မှကြည့်ရင်း နှစ်သက်သဘောကျနေမိ၏။ ထိုမျှလောက် ပျာယီးပျာယာ အရေးကြီး

mgyoe.com

mgyoe.com


နေသည့် သူ့ကိစ္စရှိနေလျက်ကပင် အပါတို့မေ ပြဿနာကိုပါဝင်၍ ဖြေရှင်းပေးသွားသည်ကိုလည်း တအံ့တသြ ကျေးဇူးတင်နေမိ၏။

*

ထိုနေ့မှအစပြုသော် နှစ်လမျှသော အချိန်သည် ကုန်လွန်လာခဲ့ပြီ ဖြစ်၏။ နွေရာသီ ကျောင်းပိတ်ရက်လည်း ကုန်ဆုံးခဲ့ပြီ ဖြစ်သည့်အတိုင်း ကျောင်းစဖွင့်သော ထိုနေ့တွင် အပါတို့မေ (ဝါ) အပါတို့မေမေသည် စောစောစီးစီး ကျောင်းသို့ရောက်နှင့်နေ၏။ သူ အလွန်တွေ့ချင်နေသော မခင်ခင်ကိုလည်း လည်တဆန့်ဆန့်နှင့် မျှော်နေ၏။ မခင်ခင်ကား ပေါ်မလာသေး။

အပါတို့မေသည် သူ့သားကလေးအတွက် စာရင်းသွင်းပြီးသည်မှန်သော်လည်း ယနေ့ ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စအတွက် အခက်တွေ့နေ၏။ သူနှင့်အတူ ရောက်နေနှင့်ကြသည့် အခြားသော ကျောင်းသားမိဘများကိုလည်း သူ မမေးဝံ့၊ ယခင်အခါကကဲ့သို့ အဖက်မတန်သလို ပြုမူလိုက်လေမည်လားဟု သူ ရွံ့နေရှာ၏။

သို့နှင့် အတန်ကြာသော် ဆရာမတစ်ယောက်ကို မေး၏။ ဆရာမကမူ "ဒီမှာပဲ ခဏစောင့်နေပါ၊ တော်ကြာ နာမည်ခေါ်လိမ့်မည်" ဟု အဖြေပေးသွားသဖြင့် အပါတို့မေတွင် အနည်းငယ် စိတ်အေးသွားတော့၏။ သို့သော် သူမျှော်လင့်ခဲ့သော မခင်ခင်ကိုမူ မျှော်မြဲ မျှော်ကြည့်နေ၏။ သို့မျှော်ငေးနေရာမှပင် အပါတို့မေ၏ မျက်နှာထားသည် သိသိသာသာကြီး ကြည်လင်ကာ အားပါးတရရှိလှသော အပြုံးဖြင့်ဆီးကြိုရင်း ခပ်သုတ်သုတ်လှမ်းသွားကာ...

"ဝမ်းသာလိုက်တာ မခင်ခင်ရယ်၊ ကျွန်မဖြင့် ရောက်ကတည်းက မခင်ခင်ကိုပဲ အားထားပြီး မျှော်နေမိတယ်"

mgyoe.com

mgyoe.com


"ဟုတ်ကဲ့၊ ကျွန်မလည်း အိမ်ကိစ္စတွေလုပ်နေရတာနဲ့ နည်းနည်း နောက်ကျသွားတယ်"

အပါတို့မေနည်းတူပင် မခင်ခင်ကလည်း ကျောင်းခန်းမထဲ ဝင်လာကတည်းက အပါတို့မေကို ရှာဖွေကြည့်ရှုရင်း ဝင်လာခဲ့သည်ဖြစ်၍ သာ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံမိကြဟန်တူလျက်–

"ဒီနေ့တော့ ထွေထွေထူးထူး ဘာမှလုပ်စရာမလိုပါဘူး၊ ကျောင်း တက်ရင် နာမည်ခေါ်လိမ့်မယ်။ ဘယ်ကလေးကို ဘယ်အတန်းပို့မယ်၊ ဘယ်အတန်းက ဘယ်နေရာ၊ ဘယ်အထပ်မှာ ရှိတယ်ဆိုတာ သိရရုံ ပြပြီး စတိလောက်ပဲ ကျောင်းတက်မယ်။ နောက် ချက်ချင်းပြန်လွှတ် လိုက်မှာပါပဲ"

ဤစကားများမှာ အပါတို့မေ သိချင်နေသော စကားများဖြစ်၏။ တစ်စုံတစ်ရာ ဘာမျှမမေးရသေးဘဲလျက် တစ်ဖက်သား၏ဆန္ဒကို ကြို တင် သိရှိနေသည့်ပမာ သို့လျှင် တစ်ဆက်တည်း ပြောပြနေသော ကြောင့် အပါတို့မေတွင် တွေတွေကြီးကြည့်ရင်း အံ့သြနေတော့၏။

"အဲဒါ... နက်ဖြန်ဆိုရင်တော့ ၇ နာရီခွဲမှာ ကျောင်းတက်လိမ့်မယ်၊ ၁၀ နာရီခွဲမှာ မုန့်စားလွှတ်၊ ၁၁ နာရီ ပြန်တက်ပြီး နေ့လယ် ၁ ချက်တီး မှာ အပြီးလွှတ်တာပဲ။ ဒါပေမဲ့ မနက်ဖြန်ကျရင်တော့ ကျောင်းတက် ချိန်ကစပြီး နေ့လယ် ၁ နာရီ ကျောင်းလွှတ်တဲ့အထိ စောင့်နိုင်ရင် ကောင်းမှာပဲ"

"ဟုတ်ကဲ့၊ စောင့်နိုင်ပါတယ်"

"ဒါ... ဒီလိုလေ၊ လေးငါးခြောက်နှစ်သား အရွယ်ကလေးဆိုတော့ ဗြုန်းခနဲ ကျောင်းမှာထားခဲ့လို့ မဖြစ်သေးဘူးမဟုတ်လား။ ကျွန်မသား တုန်းကတော့ လေးငါးဆယ်ရက် ကျောင်းမှာပဲ စောင့်နေရရုံမကဘူး၊ ကျွန်မ သူ့ကို စောင့်နေတယ်၊ ကျွန်မ အမြဲရှိနေတယ်ဆိုတာ သူသိ

mgyoe.com